အနာဂတဝင်ကျမ်း

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ
မြတ်စွာဘုရား ဟောဒိတ်ကြားတော်မူစန်း

ဥတ္တမော မေတ္တေယျောရာမော၊ ပသေနဒီကောသလောစ။ အဘိဘူဒီဃသောနိစ၊ စဏ္ဍာနိစသုတော တောဒေယျ ဗြာဟ္မဏော၊ နာဠာဂိရိ ပလေ္လယော၊ ဗောဓိသတ္တာ အနုက္ကမေန။ သမ္မောဓိ လဘန္တိ အနာဂတေ။

ဥတ္တမော၊ မြတ်စွာထသော။ မေတ္တေယျောစ၊ အရိမေတ္တေယျ အမည်ရှိတော်မူသော ဘုရားရှင်ငင်း။ ရာမောစ၊ ရာမမင်းငင်း။ ပသေနဒီကောသလောစ၊ ပသေနဒီကောသလမင်းငင်း။ အဘိဘူစ၊ အဘိဘူနတ်မင်းငင်း။ ဒီဃသောနိစ၊ ဒီဃသောနိ အမည်ရှိသော အသုရိန်နတ်မင်းငင်း။ စဏ္ဍာနိစ၊ စဏ္ဍာနိပုဏ္ဏားငင်း။ သုဘောစ၊ တောဒေယျပုဏ္ဏားငင်း။ နာဠာဂီရိစ၊ နာဠာဂီရိဆင်ငင်း။ ပလ်လေယောစ၊ ပလလေယဆင်ငင်း။ ဣမေဒသ၊ ဤတစ်ကျိပ်ကုန်သော။ ဗောဓိသတ္တာ ဘုရားလောင်းတို့သည်။ အနုက္ကမေန၊ အစဉ်သဖြင့်။ အနာဂတေ၊ နောင်လာလတ္တံ့သောအခါ၌။ သမ္မောဓိ၊ သစ္စာလေးပါးတရားကို။

F1 A

လတ်တို့ရကြကုန်၏။ ဣတိ၊ ဤသို့။ ဗျာကာသိ၊ ဗျာဒိတ်ထားတော်မူ၏။

**အဇိတမင်းသား ရဟန်းပြုခန်း။** လူနတ်ထွတ်တင် အရှင်မြတ်လှ ဂေါတမသည် ဘုရားဖြစ်တော်မူ၍ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ နေတော်မူသောအခါ အဇာတသတ်မင်းအားစွဲ၍ ထိုမင်း၏မိဖုရား ကာဠနဒေဝီ၏ဝမ်း၌ ပဋိသန္ဓေနေ၍ ဆယ်လစေ့လျှင် ဖွား၏။ ထိုသတို့သားအား အဇိတဟူသောအမည်ကို မှည့်ကြကုန်၏။ ထိုအဇိတမင်းသားကား အခြံအရံမင်းသားငါးရာနှင့် ပြည့်စုံ၏။ တစ်ဆယ့်ခြောက်နှစ်မြောက်လတ်သော် ခမည်းတော် အဇာတသတ်မင်းကြီးသည် မြတ်စွာဘုရားအမွေတော်ကို ခံပါဆို၍ မင်းသားငါးရာရံလျက် အထူးထူးသော ဆွမ်းစသော အဖျော်ယမကာတို့ဖြင့်လည်းကောင်း၊ ပုဆိုးစသော လှူဖွယ်ဝတ္ထုတို့ကို များစွာဆောင်ခဲ့စေ၍ ဝေဠုဝန်ကျောင်းတော်သို့ သွားသောခရီးကို တန်ဆာဆင်စေပြီးမှ ရထား၊ မြင်း၊ ဆင်၊ ခြေသည်၊ အမတ်၊ သူဌေး၊ ပုဏ္ဏားခြံရံလျက် အဇိတမင်းသားကိုခေါ်၍ ဝေဠုဝန်ကျောင်းတော်သို့ သွားလေ၏။ ဘုရားရှင်အထံတော်၌ ရဟန်းပြု၍ အဇိတမင်းသားကား တည်ကြည်ခြင်း၊ ပညာ အစရှိသော ကျေးဇူးဂုဏ်နှင့် ပြည့်စုံသည်ဖြစ်၍ အဇိတမထေရ်ဟု ထင်ရှားစွာဖြစ်၏။ မြတ်စွာဘုရားကား အဇိတမထေရ်ကို ခေါ်တော်မူလေ၍ ရာဇဂြိုဟ်ပြည်မှ ကပိလဝတ်ပြည်သို့ ကြွတော်မူလေ၍ နိဂြောဓာရုံကျောင်း၌ နေတော်မူ၏။

**ပဇာပတိဂေါတမီ ရွှေသင်္ကန်းရက်ခန်း။** ထိုသို့နေတော်မူသောအခါ ပဇာပတိဂေါတမီသည် ဘုရားသခင်အား ရွှေသင်္ကန်း ကပ်လှူချင်သော နှလုံးသဘော ကြည်ညိုစွာရှိ၏။ နီလှစွာသော ရွှေတို့ဖြင့် ရွှေဖျဉ်း



တို့ကိုလုပ်စေ၍ ရွှေမှုန်ဖြင့် မြေကိုရော၍ ရွှေဖျဉ်းတို့၌ပြုစေပြီးမှ ပဇာပတိဂေါတမီအား ဝါစေ့ကိုလက်နှင့်ကိုင်၍ ရွှေဝါပင် ပေါက်ပါစေသားဟု အဓိဋ္ဌာန်သစ္စာပြုသဖြင့် ရွှေဖျဉ်းတို့၌စိုက်၍ ရွှေဝါပင်ပေါက်လေ၏။ အပွင့်ကား မဟာလှေကားပွင့်နှင့်တူ၏။ အသီးကား မြအဆင်းနှင့်တူ၏။ ပဇာပတိဂေါတမီကား ဝါပင်ပေါက်လေသော် မိမိလက်ဖြင့်ကောက်၍ ရွှေလင်ပန်း၌ ထည့်လျက် မိမိလက်ဖြင့်ပင် ဖန်၍ကြိတ်၏။ ဂွမ်းဖြစ်စေ၍ လိပ်၏။ သိမ်မွေ့လှစွာသော ချည်ကိုဝင့်၍ သိမ်မွေ့လှစွာသော ရက်ကန်းသည်ကိုခေါ်၍ ထမင်းအဖျော်စသော ပျားတင်လဲထောပတ်တို့ကို စားစေ၏။ အဝတ်တန်ဆာဆင်ပြင်၍ ရက်ကန်းဖရပ်ကို နံ့သာမျိုး ကြဲ၍ လူအကြပ်ကို မြဲစွာထား၍ရက်စေသော် ပုဆိုးတစ်ထည်ပြီး၏။ အလျားကား တစ်ဆယ့်လေးတောင်၊ အနံကား ခုနစ်တောင်၊ ရွှေကိုခတ်သကဲ့သို့ရှိ၏။ တစ်ထည်သည်လည်း ၎င်းနည်း၊ ထိုပုဆိုးတစ်စုံကို ပတ္တမြားကြုတ်တွင်ထည့်၍ ပန်းနံ့သာအထုံအခိုး အမွှေး များစွာလက်စွဲလျက် ရွှေသင်္ကန်းထည့်သော ပတ္တမြားကြုတ်ကို မိမိခေါင်းထက်ရွက်၍ ဆွမ်းစသော များစွာသောလှူဖွယ်ဝတ္ထုကိုဆောင်၍ တမ်းခွန် ပန်းနံ့သာ လက်စွဲလျက် သာကီဝင်မင်းသား မင်းသမီးငါးရာခြံရံလျက် နိဂြောဓာရုံကျောင်းတော်သို့သွားလေသော် ဘုရားရှင့်လည်း ကြယ်များအပေါင်းခြံရံလျက် ထွက်သော လပြည့်ဝန်းကဲ့သို့ သံဃာတော်အပေါင်းခြံရံလျက် ရောင်ခြည်တော်ခြောက်ပါးကိုလွှတ်၍ ရွှေသလွန်တော်ထက် နေတော်မူနှင့်၏။

**ရွှေသင်္ကန်းကပ်လှူခန်း** မိထွေးတော်ဂေါတမီကား ဘုရားရှင်အထံ မနီးမဝေးသောအရပ်၌ ငါးပါးသောရှိခိုးခြင်းဖြင့် ရှိခိုး၍နေ၏။ ကိုယ်တော်၏ တင့်တယ်ခြင်းကိုမြင်၍ ပတ္တမြားကြုတ်ကိုဖွင့်လျက် တစ်စုံသော

Create PDF files without this message by purchasing novaPDF printer (http://www.novapdf.com)

ရွှေသက်န်းကိုကိုင်လျက် နားတော်လျှောက်၏။ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား ... အကျွန်ုပ်သည် ဘုရားရှင်ကိုရည်၍ အကျွန်ုပ်လက်ဖြင့် စင်ကြယ်စွာ ရက်လုပ်ရသော ဤသင်္ကန်းကို အကျွန်ုပ်အား သနားသဖြင့် ခံယူတော်မူပါဟု တောင်းပန်၏။ တစ်ထည် ကို မြတ်စွာဘုရားခံယူတော်မူ၏။ တစ်ထည်ကို သံဃာအားလှူဟု မိန့်တော်မူ၏။ မိထွေးတော်လည်း မြတ်စွာဘုရား စကားတော်ကိုဝန်ခံ၍ ရွှေသင်္ကန်းတစ်ထည်ကို သံဃာအား ကပ်လေသော် ရှစ်ကျိပ်သော မဟာထေရ်တို့သည်လည်းကောင်း၊ တစ်ပါးသော ရဟန်းတို့သည် လည်းကောင်း မခံဝံ့ကုန်။

ထိုရောအခါ မေတ္တေယျဘုရားအလောင်းဖြစ်သော အဇိတ မထေရ်ကား ရဟန်းများအလယ်၌နေလျက်ကြ၏။ ဘုရားမြတ်စွာကား မိထွေးတော်၏အကျိုးကို များစေလိုသည်ဖြစ်၍ မိန့်တော်မူသည်ဟု နှလုံးသွင်း၍ ဘုရားအလောင်းတော်ဖြစ်သော ယောကျ်ားမြတ်ကား မကြောက်မရွံ့ ခြင်္သေ့မင်းကဲ့သို့ ရွှေအဆင်းနှင့်တူသော ပုဆိုးကို ခံလေ၏။ ထိုရောအခါ ရဟန်းပရိတ်သတ် တို့မှာ အုတ်အုတ်ကျက်ကျက်သော အသံသည် ဖြစ်လတ်၍ ရှစ်ကျိပ်သောမထေရ်တို့သည်လည်းကောင်း၊ တစ်ပါးသောရဟန်း တို့သည်လည်းကောင်း မခံဝံ့သော ရွှေသင်္ကန်းကို တစ်ယောက်သော အညတြရဟန်းခံလေ၏ဟု ကဲ့ရဲ့သောစကားကို သောသောညံဆိုကြကုန်၏။ ထိုစကားကို ဘုရားရှင်ကြားတော်မူ၍ ပရိတ်သတ်အပေါင်းတို့ကို ကြည့်တော်မူမြဲကြည့်၏။ ခပ်သိမ်းသော သူတို့၏ယုံမှားခြင်းကို ဖျောက်ပေအံ့ဟု ချစ်သားရဟန်းတို့ ဤရဟန်းကို အညတြစကားဖြင့် မဆိုကြလင့်။ ဤရဟန်းသည် သာမညမဟုတ်ပေ။ ဘုရားအလောင်းပေတည်း။ ပါရမီဆယ်ပါးကိုဖြည့်သော သူမြတ်ပေ



တည်း။ တိမ်မဖုံးသောနေကဲ့သို့၊ ပြာလွှမ်းသောမီးကဲ့သို့၊ မနုဿလိင်္ဂနှင့် ပြည့်စုံသည်ဖြစ်၍ နောင်သောအခါ မေတ္တေယျဘုရားဖြစ်လတ္တံ့ဟု မိန့်တော်မူပေ၏။

**အဇိတမထေရ်သပိတ်** ထိုရောအခါက ဘုရားရှင်ကားအာနန္ဒာ ယူခဲ့ပြီး **ဆုတောင်းစန်း** ကိုခေါ်တော်မူ၍ ကျောက်သပိတ်ကိုယူခဲ့ဟု မိန့်တော်မူ၏။ ညီတော်အာနန္ဒာလည်း၊ နတ်သားလေးယောက်လှူသော အနားလေးရစ်ရှိသော မြကျောက်သပိတ်ကိုယူခဲ့၍ မြသပိတ်ကိုကပ်လေ၏။ ဘုရားရှင်လည်း လက်ဝါးပေါ်တွင်တင်၍ ကောင်းကင်သို့ လွှတ်တော်မူလိုက်၏။ အတိုင်းမသိသော စကြဝဠာတိုက်ကိုလွှမ်း၍ သွားလေသော် ရှစ်ကျိပ်သောမထေရ်တို့သည် လည်းကောင်း၊ ထိုမှ တစ်ပါးသော ရဟန်းတို့သည်လည်းကောင်း လွှတ်လိုက် သောသပိတ်ကို ယူချေဟု စေတော်မူ၏။ တစ်ယောက်သောသူမျှ ယူဆောင်အံ့သောငှာ မတတ်နိုင်သော် အဇိတမထေရ်ကိုခေါ်တော်မူ၍ ငါလွှတ်လိုက်သော သပိတ်ကိုယူချေလော့ဟု စေတော်မူ၏။ အဇိတမထေရ်လည်း၊ ဝန်ခံ၍ ရောက်စေလေ၏။ ထိုရောအခါ အဇိတမထေရ်ကား မိမိရသောရွှေဖျဉ်းကို ဘုရားရှင်နေတော်မူသော ညောင်စောင်းထက်၌ ဗိတာန်ကြက်၍လှူ၏။ လှူပြီးသောကာလ ဆုတောင်း၏။

အကျွန်ုပ်ကား မြတ်စွာဘုရားကို ဗိတာန်ကြက်၍ လှူသော အကျိုးအားဖြင့် အကျွန်ုပ်ဘုရားဖြစ်သောအခါ၌ ရတနာခုနစ်ပါးဖြင့် ပြီးသော ရွှေပန်းဆိုင်း၊ ငွေပန်းဆိုင်း၊ သန္တာပန်းဆိုင်း၊ ပုလဲ ပန်းဆိုင်း တို့ဖြင့်ပြီးသည်ဗိုင်း တန်ဆာဆင်လျက် တစ်ဆယ့်နှစ် ယူဇနာရှိသော ဆန်းကြယ်တင့်တယ်စွာသော ဗိတာန်သည် ဖြစ်စေသတည်းဟု

Create PDF files without this message by purchasing novaPDF printer (http://www.novapdf.com)

ဆုတောင်းပြီးသော် တင့်အပ်သောအရပ်၌ ဘုရားရှင်ကို ငါးပါးသော ရှိခိုးခြင်းဖြင့် ရှိခိုး၍နေ၏။ ဘုရားရှင်လည်း ပြုံးတော်မူ၏။ ထိုရောအခါ တရားဘဏ္ဍာစိုးဖြစ်သော အာနန္ဒာမထေရ်သည် နေရာမှထ၍ ရှိခိုးလျက် ပြုံးတော်မူသောအကြောင်းကို အကျွန်ုပ်အား ဟောတော်မူပါလော့ဟု တောင်းပန်လေ၏။ မြတ်စွာဘုရားရှင်ကား နှံ့သာမှုန်ထည့်သော ရွှေကြုတ်ကိုဖွင့်ဘိသကဲ့သို့ ပရိသတ်အဆုံးတိုင်အောင် ကြားစေလျက် အာနန္ဒာအဇိတမည်သော ရဟန်းသည် ဤဘဒ္ဒကမ္ဘာ၌ပင် အရိမေတ္တေယျဘုရားဖြစ်လတ္တံ့သတည်းဟု ဗျာဒိတ်ထားတော်မူ၍ အရဟတ္တဖိုလ်ကို ဝင်စားတော်မူလေ၏။ အရဟတ္တဖိုလ်မှ ထတော်မူသော် ထိုရောအခါ တရားစစ်သူကြီးဖြစ်သော သာရိပုတ္တရာမထေရ်သည် ရဟန်းတို့အလိုကိုသိ၍ လက်အုပ်ချီကာရှိခိုးလျက် နားတော်လျှောက်၏။ အဇိတရဟန်းကား အဘယ်နံရောအခါ၌ အဘယ်သို့သောအခြင်းအရာဖြင့် မေတ္တေယျဘုရားဖြစ်လတ္တံ့နည်း၊ အကျွန်ုပ်အား သနားခြင်းကိုစွဲ၍ ဟောတော်မူပါဟု တောင်းပန်လျှောက်ထားး၏။

**မြတ်စွာဘုရားသည် ရှင်သာရိပုတ္တရာအားအနာဂတဝင်ကျမ်းကို ဟောတော်မူခန်း** မြတ်စွာဘုရားသည် ရှင်သာရိပုတ္တရာအား ဤအနာဂတဝင်ကျမ်းကို ဟောတော်မူ၏။ မေတ္တေယျဘုရားသည် အဘယ်သို့သောအခါ၌ ဖြစ်လတ္တံ့နည်းဟူမူကား ချစ်သား သာရိပုတ္တရာ၊ ငါဘုရားပရိနိဗ္ဗာန်လွန်၍ ကာလကြာသော် ငါးပါးသောကွယ်ခြင်းဖြင့် ကွယ်လတ္တံ့၊ ငါးပါးသောကွယ်ခြင်းဟူသည်ကား (၁) ပဋိသမ္ဘိဒါခေတ်ကွယ်ခြင်း။ (၂) မဂ်ဖိုလ်ကွယ်ခြင်း။ (၃) အကျင့်ကွယ်ခြင်း။ (၄) ပရိယတ္တိ ပိဋကတ်သုံးပုံကွယ်ခြင်း။ (၅) သာသနာကွယ်ခြင်း ဤငါးပါး တည်း။



**ပဋိသမ္ဘိဒါလေးပါးနှင့်ပြည့်စုံသော ရဟန္တာခေတ်ကွယ်ခြင်း** ချစ်သား သာရိပုတ္တရာ ငါဘုရားလွန်၍ အနှစ်တစ်ထောင်ရှိလေသော် ပဋိသမ္ဘိဒါလေးပါးနှင့်ပြည့်စုံသော ရဟန္တာအဖြစ်ကို ရလတ္တံ့သတည်း။

**မဂ်ဖိုလ်ကွယ်ခြင်း။** ထို့နောက်သောအခါ သောတာပတ္တိဖိုလ် သကဒါဂါမိဖိုလ်၊ အနာဂါမိဖိုလ်ကိုသာ ရနိုင်လတ္တံ့သတည်း။

**အကျင့်ကွယ်ခြင်း။** ထို့နောက် အဆုံးစွန်သော ပါရာဇိကကိုသာ စောင့်လတ္တံ့၊ ပါရာဇိကစောင့်သောရဟန်းတို့ကာလ၌လည်း အနှစ်တစ်ထောင်တည်လေ၏။ ထိုရောအခါ အဆုံးစွန်သော ရဟန်းတစ်ပါးသည် သီးတင်ပျက်ခြင်း၊ အသက်ကုန်ခြင်းသို့ ရောက်လေ၏။ ဤကား အကျင့်ကွယ်သည်မည်၏။

**ပရိယတ္တိကွယ်ခြင်း။** ပရိယတ္တိကွယ်ခြင်းဟူသည်ကား တရွေ့ရွေ့ ကြာလေသော် အမျိုးယုတ်သောမင်းတို့သည် တရားမစောင့်လတ္တံ့၊ မင်းမစောင့်လတ်သော်၊ အမတ်စစ်သူကြီးမစောင့်လတ်၊ အမတ်စစ်သူကြီးမစောင့်လတ်သော်၊ ပြည်သူနိဂုံးသူတို့ မစောင့်လတ္တံ့၊ ထိုအခါတွင် မိုးကောင်းစွာမရွာ၊ မရွာလတ်သော် ကောက်ပဲ မကောင်းလတ္တံ့၊ ကောက်ပဲမကောင်းသော် ဒါယကာတို့သည် ပစ္စည်းလှူဒါန်းသော ငှာမတတ်နိုင်၊ မတတ်နိုင်သော် ရဟန်းတို့သည်ပစ္စည်းမရ၊ မရလတ်သော် တပည့်သားတို့အား သင်္ဂြိုဟ်ချီးမြှောက်ခြင်းကို မပြုရလတ္တံ့၊ နောက်ကျလတ်သော် ပရိယတ္တိယုတ်လေ၍ ရှေးဦးစွာ ပဋ္ဌာန်းကျမ်းကြီး ကွယ်လတ္တံ့။ ထို့နောက် ယမိုက်ကွယ်လတ္တံ့၊ ထို့နောက် ပိဋကတ်သုံးပုံကွယ်လတ္တံ့၊ ထို့နောက် အင်္ဂုတ္တရနိကာယ်၊ ထို့နောက် ကထာဝတ္ထု၊

Create PDF files without this message by purchasing novaPDF printer (http://www.novapdf.com)

ထို့နောက် ပုဂ္ဂလပညတ်၊ ထို့နောက် ဝိဘင်းကျမ်း၊ ထို့နောက် မဇ္ဈိမနိကာယ်၊ ခုဒ္ဒကနိကာယ်၊ ဒီဃနိကာယ်ကွယ်လတ္တံ့၊ ထို့နောက် ဝေဿန္တရာကွယ်လတ္တံ့၊ အပဏ္ဏကဇာတ်တို့သည် ကွယ်လတ္တံ့၊ ဂါထာလေးပုဒ်ရှိသေး၏။ နောင်ကာလသော် သဒ္ဓါကြည်ညိုသော မင်းတစ်ယောက်သည် အသပြာတစ်ထောင်ထုပ်ကို ဆင်ဦးခေါင်းထက်တင်၍ ဘုရားမြတ်စွာ ဟောတော်မူသောတရားလေးပုဒ် လေးဂါထာကို ဟောပြောနိုင်သောသူကိုတွေ့လျှင် ဤအသပြာထောင်ထုပ်ကို ယူစေဟု၍ ပြည်လေးမျက်နှာကို လှည့်စေ၏။ ထိုသို့လှည့်စေသော်လည်း တရားဟောနိုင်သောသူကို မရနိုင်၊ ထိုဥစ္စာကိုသွင်းပြန်ရလတ္တံ့သတည်း၊ ထိုအခါ ပရိယတ္တိကွယ်သည်မည်၏။

**သံဃာကွယ်ခြင်း။** နောင်ကာလသော် ဖန်ရည်စွန်းသော သင်္ကန်းဖြင့် အဘယ်အကျိုးရှိအံ့နည်းဟု တစ်ထွာတစ်မိုက်ဆုတ်၍ ဆံပင်၌လည်းကောင်း၊ လည်၌လည်းကောင်း၊ လက်၌လည်းကောင်း ကပ်စေ၍ မယားသားမွေးကုန်အံ့သတည်း။ နောင်ကာလသော် ထိုမယားသားမွေးခြင်း၊ လယ်လုပ်ခြင်း၊ ကုန်သွယ်ခြင်းတို့ကို ပြုလုပ်၍ လက်၌နား၌ကပ်သော သင်္ကန်းရှိသောသူကို ဘုရားမြတ်စွာ၏ သင်္ကန်းတော်အမှတ်ဖြင့် ရည်၍လှူ၏။ လှူရသော အကျိုးကို မရေတွက်နိုင်ဟု၍ ချစ်သား သာရိပုတ္တရာ၊ ငါဘုရား ဟောတော်မူ၏။ နောင်ကာလသော် သင်္ကန်းဖြင့် အဘယ်ပြုအံ့ နည်းဟု တောချုံပေါ်စွန့်လေအံ့။ ချစ်သား သာရိပုတ္တရာ ဤသည်သာလျှင် ရဟန်းသဏ္ဌာန်ကွယ်လေသည်မည်၏။

**ရောင်တော်ပြန့်ဘုရား တရားဟောခန်း** ထိုသို့ အနှစ်ငါးထောင် စေ့လေသော် ငါဘုရား၏ သာသနာတော်သည် ပူဇော်



သက္ကာရကို မရသည်ဖြစ်၍ ပူဇော်သက္ကာရ ရရာသို့သွားလတ္တံ့၊ ငါဘုရား၏ ဓာတ်တော်၊ မွေတော်တို့သည် လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာ့ပြည်၊ နဂါးပြည်၌ရှိ၏။ ထိုရှိသော ဓာတ်တော်တို့သည် ပြောင်းရွေ့ကြွ၍ မဟာဗောဓိမဏ္ဍိုင်၌သာ စည်းဝေးစုပုံ၍ ငါဘုရား၏ နိမ္မိတသဏ္ဌာန်တော်ကိုဖန်ဆင်း၍ ယမိုက်ပြာဋိဟာကို ပြုလတ္တံ့သတည်း။ ထိုရောအခါ ထိုအရပ်သို့ လူများမရောက်နိုင်၊ စကြဝဠာတစ်သောင်း၌နေသော နတ်ဗြဟ္မာတို့ရောက်၍ ယနေ့ကား အားဆယ်ပါးနှင့်ပြည့်စုံတော်မူသော မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်စံဝင်အံ့သတည်း။ ယနေ့မှစ၍ အမိုက်အတိသာ ဖြစ်လတ္တံ့သည်ဟူ၍ ငိုကြွေးကြကုန်အံ့။ ထိုရောအခါ ရောင်တော်ပြုလတ်၍ ဂန္ဓမာဒနတောင်မှ တရားဟောလတ္တံ့။ နတ်၊ ဗြဟ္မာအပေါင်းတို့ကား ကုဋေတစ်သိန်းမျှ အကြွင်းမရှိ အနုပါဒိသေသနိဗ္ဗာန်သို့ ဝင်စံတော်မူအံ့။

**ဆုတ်ကပ်အပိုင်းအခြား** ချစ်သား သာရိပုတ္တရာ၊ ထိုရောအခါ အမိုက်အတိသာဖြစ်၍ မကောင်းမှုကို ပြုကြကုန်၏။ လူတို့အသက်သည် ယုတ်လတ္တံ့။ တစ်ရာကသည် ကိုးဆယ်၊ ရှစ်ဆယ်၊ ခုနစ်ဆယ်၊ ခြောက်ဆယ်၊ အစဉ်အတိုင်းယုတ်၍ ငါးနှစ်သာရှိသော ယောက်ျားမိန်းမတို့သည် အိမ်ထောင်ကျ၍ တစ်ဖန် ခြောက်နှစ်၊ ခုနစ်နှစ်ရှိလျှင်ပင် မြေး၊ မြစ် ဖြစ်လတ္တံ့၊ ထိုရောအခါ ကပ်သုံးပါးဖြစ်လတ္တံ့။ မွတ်သိပ်ခြင်းအန္တရာယ်၊ အနာအန္တရာယ်၊ လက်နက်အန္တရာယ်ဟူ၍ အန္တရာယ်သုံးပါးဖြစ်လတ္တံ့။ ထိုရောအခါ အနာအန္တရာယ်ဖြစ်၍ သေသောသူတို့သည် နတ်ရွာ၌ဖြစ်လတ္တံ့။ မွတ်သိပ်ခြင်းအန္တရာယ်နှင့် သေသောသူတို့သည် ပြိတ္တာဖြစ်လတ္တံ့၊ လက်နက်ဖြင့်

Create PDF files without this message by purchasing novaPDF printer (http://www.novapdf.com)

သေသောသူတို့သည် ငရဲ၌ဖြစ်လတ္တံ့။

ချစ်သား သာရိပုတ္တရာ၊ လူတို့မေ့လျော့၍ ဝိသုကြံနတ်သား ဆုံးမလတ္တံ့။

အိုလူများတို့ ယနေ့မှစ၍ ခုနစ်ရက်တိုင်လတ်သော် လူတို့သည် အချင်းချင်း သမင်၊ သားငါးအမှတ်ဖြင့် ထိုးခုတ်သတ်ဖြတ်ကြလတ္တံ့။ ပုဆိုးစွတ်စို မျက်ရည်ယိုလျက် ဆုံးမလတ္တံ့။ ထိုဘေးမှ လွတ်လိုသော သူတို့သည် ခုနစ်ရက်စာယူ၍ တစ်ယောက်ချင်းသာ တောမြောင် ချောက်ကြား၌ လူချင်းမတွေ့လေအောင် ပုန်းလေကုန်။ ခုနစ်ရက်လည်မှ လာလှည့်ကုန်ဟု ဝိသုကြံနတ်သား ဆုံးမလတ္တံ့။

အချို့သောသူတို့သည်လည်း လုလင်ဆိုသော စကားသည် ဟုတ်ပေလတ္တံ့ဟု ပညာရှိသောလူတို့သည် ခုနစ်ရက်စာယူ၍ ပုန်းကုန် လတ္တံ့။ ထိုရောအခါ အချင်းချင်းသတ်၍ အရိုးအသားတို့ ပြည့်လတ္တံ့။ ထိုနောင်မှ မိုးကြီးရွာရွာလတ်၍ အရိုးအသားတို့သည် မျောလတ္တံ့။ ထို့နောက် ပုဆိုးမိုးရွာလတ္တံ့။ ထိုပုန်းသောသူတို့သည် ပုန်းရာမှလာလေ သော် လူများမမြင်၍ ငိုကြွေးလတ်ကုန်အံ့။ ပုန်း၍နေသောသူတို့သည် ကောင်းမွန်စွာ သီလသီတင်းသုံးခြင်းကို ပြုကုန်အံ့။

**တက်ကပ်အပိုင်းအခြား** ချစ်သားသာရိပုတ္တရာ၊ ထိုရောအခါ အနှစ်တစ်ဆယ်နေရသောသူတို့၏ သားသည် အနှစ်နှစ်ဆယ်နေရ လတ္တံ့။ နှစ်ဆယ်နေရသောသူတို့၏သားသည် လေးဆယ်နေရ လတ္တံ့။ လေးဆယ်နေရသောသူတို့၏သားသည် ရှစ်ဆယ်နေရ၏။ ထိုသူတို့၏ အသက်လည်း အစဉ်အတိုင်းတက်လေ၍ အသက်အသင်္ချေ မရေတွက် နိုင်အောင်တက်လေ၍ ကောင်းမှုကိုသာပြုကုန်၏။ ထိုရောအခါ လူတို့



သည် ဆင်းရဲခြင်းဟူသည် အသို့နည်းဟူ၍ မသိလတ္တံ့။ လူတို့၏ အသက်သည် ကြာတင်ရှည်လျားလတ်သော် အိုခြင်း၊ နာခြင်း၊ သေခြင်း စသော လက္ခဏာတို့သည် မထင်မြင်လတ္တံ့၊ ထိုသို့မထင်သည်ဖြစ်၍ တရားပျက်ပြီးလျှင် အသက်အသင်္ချေယျတမ်းမှ တဖြည်းဖြည်း ဆုတ် ယုတ်၍ တစ်သိန်းတိုင်အောင် ရေတွက်နိုင်လတ္တံ့။ ထိုရောအခါ လူတို့ သည် မိန်းမလျှင်လည်း နတ်သမီးနှင့်တူ၏။ ယောကျ်ားလျှင်လည်း နတ်သားနှင့်တူ၏။ ထိုယောကျ်ား မိန်းမတို့သည် ထိမ်းမြားမင်္ဂလာပြု လတ္တံ့။ မိုးကား ဆယ်ရက်တစ်ခါ၊ လခွဲတစ်ခါ၊ ညည့်သန်းခေါင်ကိုသာ မြေသြဇာတက်စေ၍ ရွာရ၏။ ထိုရောအခါ သုံးပါးသောအန္တရာယ်ရှိ၏။ သုံးပါးဟူသည်ကား ထမင်းအဆီယာစ်သောအနာ၊ ထမင်းမစားချင်သော အနာ၊ အိပ်ချင်သောအနာ။ ထိုမှတစ်ပါးသော အနာမျိုးတို့သည် မရှိကုန် လတ္တံ့။

**ကေတုမတီပြည်ကြီး၏ အကြောင်း** ချစ်သား သာရိပုတ္တရာ၊ ထိုရောအခါ အလျားတစ်ဆယ့်နှစ်ယူဇနာ အနံခုနစ်ယူဇနာ ရှိသော ကေတုမတီပြည်ကြီး၌ အတိုင်းမသိသော ဆင်မြင်း ရထား ဗိုလ်ပါခုနစ်ပါးနှင့် ပြည့်စုံသော သင်္ခစကြာဝတေးမင်းသည် ရန်သူတို့ကို ဆုံးမလျက် မင်းပြု၍နေလတ္တံ့။ ပြည်အလယ်၌ ရတနာ (၇)ပါးအတိပြီး သော တံတိုင်းရံလျက် မျက်စိဖြင့် စိမ်းစိမ်းကြည့်သော် မတတ်နိုင် ကောင်းသောအရောင်အဝါဖြင့် အစောက်ကား ၂၅-ယူဇနာ၊ အချင်း ကား တစ်ယူဇနာခွဲရှိသော ရတနာ ၇-ပါး အတိပြီးသော ပြာသာဒ်ယာဉ် ပေါက်လတ္တံ့။ မဟာပနာဒမင်းလည်း ရှေး နေလေဖူးသည်ဟု ကျမ်းဆို ၏။ ထိုပြာသာဒ်၌ သင်္ခစကြာဝတေးမင်းသည် ချမ်းသာစံ၍နေလတ္တံ့။ ထိုကေတုမတီပြည်၏ အထက်ဝန်းကျင်၌ အထူးထူးသောရေကန်တို့

Create PDF files without this message by purchasing novaPDF printer (http://www.novapdf.com)

သည် ကြာမျိုးငါးပါး ဖုံးလွှမ်းလျက် ကြာပွင့်အနံ့တို့သည် တကြိုင်ကြိုင် လှိုင်ကုန်၏။ ထိုပြင် ထက်ဝန်းကျင်တို့၌ မင်းဥယျာဉ်တို့သည် ပန်းမျိုးစေ့ စုံလျက် မြရည်သွန်းသကဲ့သို့ ပွင့်ကုန်၏။ ပန်းမျိုးတို့၏အနံ့တို့သည် တကြိုင်ကြိုင် လှိုင်ကုန်၏။ ကေတုမတီ၏အလယ်၌လည်းကောင်း၊ မြို့တံခါးလေး မျက်နှာ၌လည်းကောင်း၊ ပြာသာဒ်အရံ တတိုင်းအရံတိုင်း ပဒေသာပင်တို့သည် ကောင်းစွာပေါက်လတ္တံ့။ ထိုပဒေသာပင်တို့၌ အဖြူ၊ အနီ၊ အဝါ၊ အရွှေ၊ အစိမ်း၊ အမဲ၊ အကြောင်၊ အကြား ပြိုးပြိုးပြက်ရှိသော နတ်ပုဆိုးတန်ဆာတို့သည်လည်းကောင်း၊ ကာသိ ကရာဇ်တိုင်း၊ ခေါမတိုင်း၊ ကောဋုမ္ဗရာဇ်တိုင်းတို့၌ဖြစ်သော ပုဆိုးတို့ သည်လည်းကောင်း လူ့ပြည်၌ ထမင်းဘောဇဉ်အဖျော်စသော လူတို့၌ သုံးဆောင်စားသောက်ကောင်းသော အမြိန်အရသာဟူသမျှလည်း ပဒေသာပင်၌သာလျှင် တွဲရ ရွဲ့ရှိလတ္တံ့။ တံခါးလေး မျက်နှာ၌ လည်းကောင်း သာယာစွာသော ရွှေဇရပ်တို့သည် ပေါက်ကုန်လတ္တံ့။

ချစ်သားသာရိပုတ္တရာ၊ ထိုအခါ ဥတုသုံးပါးသည် မပူ၊ မချမ်း၊ ပြကတေ့သာဖြစ်လတ္တံ့။ မြစ်တို့သည် အကြေအညာမစီး ဘဲနေလတ္တံ့၊ ကြည်လင်သန့်ရှင်း၏။ ညွန်ကင်း၏။ ပုလဲကျဘိသကဲ့ သို့ရှိ၏။

ချစ်သား သာရိပုတ္တရာ၊ ထိုရောအခါ ဆန်တစ်ပင်သီးသော အသီးသည်ကား လှည်းခုနှစ်ထောင့်နှစ်ရာ ခုနှစ်ဆယ့်နှစ်စီး နှစ်ဆယ့် ခြောက်တင်းနှင့် နှစ်ဘုံရှိ၏။ အလုံးကား လုံးပတ်သုံးထွာရှိ၏။ ချစ်သား သာရိပုတ္တရာ၊ ထိုရောအခါ လူတို့သည် ပဒေသာပင်၌ဖြစ်သော အမြိန် အရသာ နတ်သြဇာကဲ့သို့သောအစာတို့ကို စားကုန်လျက် ပတ္တမြား နားဆွဲခြင်းကိုသာ ဝတ်ကုန်လျက် စန္ဒကူးသရက္ခန်နံ့သာကိုသာ လိမ်းကုန် လျက် လက်စွပ်၊ ပုတီး၊ ခြေကျင်းစသော လူတို့ဆင်ယင်အပ်သော



တန်ဆာတို့ကိုသာ ဆင်ယင်လျက်၊ ကာသိကရာဇ်တိုင်း၌ဖြစ်သော ပုဆိုး ကိုသာ ဝတ်ကုန်လျက် နတ်စည်စောင်းညှင်းတို့ကိုသာ တီးမှုတ်လျက် ချမ်းသာခံ၍ နေရလတ္တံ့။ ချစ်သား သာရိပုတ္တရာ၊ တစ်သောင်းယူဇနာ ရှိသော ဇမ္ဗူဒီပါကျွန်းကား တာဝတိံသာနတ်ပြည်ကဲ့သို့ ဖြစ်လတ္တံ့။ ထိုရောအခါ လူတို့သည် နက္ခတ်ကစားလတ္တံ့၊ နတ်တို့သည် သဘင်ကဲ့ သို့ ပျော်ပါးလတ္တံ့။

**အရိမေတ္တေယျဘုရားအလောင်း ပဋိသန္ဓေယူစန်း:** ချစ်သား သာရိပုတ္တရာ၊ ထို ရောအခါ မေတ္တေယျဘုရားအလောင်းကား တစ်ဆယ့်ခြောက်အသချေနှင့် ကမ္ဘာတစ်သိန်း ပါရမီကိုပြည့်စေ၍ စွန့်ခြင်းကြီး ငါးပါးကိုစွန့်၍ ပါရမီဆယ်ပါး အပြားသုံးဆယ်တို့ကို ဖြည့်ကျင့်ပေးလျှင် တုသိတာနတ်ပြည်၌ ဖြစ်လတ္တံ့။ ထိုတုသိသာနတ်ပြည်၌ မေတ္တေယျ ဘုရားလောင်း တန်ခိုးသတင်းကျော်စောလတ်၍ စကြဝဠာတစ်သောင်း၌ နေကုန်သောနတ်တို့သည် ဘုရားဖြစ်စိမ့်သောငှာ တောင်းပန်လာ၍ ငါးပါးသော ကြည့်ခြင်းဖြင့်ကြည့်၍ တစ်ဆယ့်ရှစ်ကုဋေသော အရံနှင့် တကွ တုသိတာနတ်ပြည်မှ စုတေခဲ့၍ ကေတုမတီ မင်းနေပြည်တော်၌ သခ်စကြဝတေးမင်းနှင့် တိုင်ပင်ကြံစည်ဘက် ကိုးကွယ်ရာဖြစ်သော အတိတ်အနာဂတ်ကို သိမြင်နိုင်၍ ပစ္စုပ္ပန်သံသရာ၊ အစီးအပွားကို ဆုံးမတတ်သော သုဗြဟ္မအမည်ရှိသော ပုဏ္ဏားကြီး၏ ခင်ပွန်းမ,ဖြစ် သော ဗြဟ္မဏာဝတီအမည်ရှိသော ပုဏ္ဏေးမ၌ ပဋိသန္ဓေနေလတ္တံ့။ ထိုရောအခါ တစ်သောင်းသော လောကဓာတ်လှုပ်လတ္တံ့။ ဆယ်လ လွန်လျှင် ဣသိပတနသမင်တောမှာဖွားလတ္တံ့။ အဇိတဟူသော အမည် ကို မှည့်လတ္တံ့။ ဖွားဘက်ကား တစ်ဆယ့်ရှစ်ကုဋေတည်း။ အမတ်ကြီး

Create PDF files without this message by purchasing novaPDF printer (http://www.novapdf.com)

ချည်း ဖြစ်လတ္တံ့။

**အလောင်းတော်သည် လောကစည်းစိမ် အဇိတမင်းသားအား စံတော်မူခန်း** လောကစည်းစိမ်ခံစားစိမ့်သောငှာ ရတနာခုနှစ်ပါးအတိပြီးသော အရောင်အဝါထွန်းတောက်လျက် နေမင်း၏ရောင်ခြည်ကဲ့သို့ မျက်စိစိမ်းစိမ်းမကြည့်ဝံ့သော အရောင်တို့ဖြင့် တင့်တယ်သော ပြာသာဒ်လေးဆောင်တို့သည် ပေါက်လတ္တံ့။ တစ်ဆောင်တစ်ဆောင်သော ပြာသာဒ်တို့၌ တိုင်ခန်းခုနှစ်ထောင်စီ၊ တစ်ဘက်တစ်ဘက်၌ ပတ္တမြားကျောက်ရွဲစီသော ကိုးပါးသော နဝရက်တို့ဖြင့်ပြီးသော ပလ္လင်ခုနှစ်ထောင်စီ၊ ရတနာခုနှစ်ပါးတို့ဖြင့်ပြီးသော ထီးဖြူခုနှစ်ထောင်စီ၊ အထူးထူးသောသားမွေးတို့ဖြင့်ပြီးသော ညောင်စောင်းခုနှစ်ထောင်စီ၊ တစ်ဆောင်တစ်ဆောင်သော ပြာသာဒ်၌ ရတနာခုနှစ်ပါးတို့ဖြင့်ပြီးသော ရွှေအိုးကြီးလေးလုံးစီ ပေါက်လတ္တံ့။ တစ်လုံးတစ်လုံးသော ရွှေအိုး၏အဝကား ယူဇနာတည်း။ ရွှေအိုး၏အစောက်ကား မြေကြီးအမျှတည်း။ ထိုရွှေအိုးတစ်လုံးတစ်လုံး၌ ပဒေသာပင် ခြောက်ပင်၊ ခြောက်ပင် ပေါက်လတ္တံ့။ တစ်ဆောင်တစ်ဆောင်သော ပြာသာဒ်၌ ရတနာခုနှစ်ပါးတို့ဖြင့် တန်ဆာဆင်လျက် ရွှေတံခွန်ဆောက်သော ခုနစ်ထောင်သော ဆဒ္ဒန်ဆင်မင်းတို့သည် ရလတ္တံ့။ တစ်ကိုယ်လုံးကို တန်ဆာဆင်အပ်သော ဝလာဟက သိန္ဓောမြင်းတစ်ထောင်ကသော ခုနစ်ရာသော ရထားတို့သည်လည်း ဖြစ်လတ္တံ့။ တစ်ဘုံတစ်ဘုံ၌ အမျိုးအနွယ်အားဖြင့် မြတ်သောအဆင်းငါးပါးနှင့်ပြည့်စုံသော နတ်သမီးနှင့်တူသော ရတနာအတိ တန်ဆာဆင်လျက် မောင်းမတစ်သောင်းခြောက်ထောင်စီ ရလတ္တံ့။ တစ်ဘုံတစ်ဘုံ၌ ကခြင်း၊ သီခြင်း၊ တီးမှုတ်



ခြင်း၌ တတ်သိလိမ္မာသော ရှုချင်စဖွယ် တင့်တယ်ခြင်း၊ စံပယ်ခြင်းနှင့် ယှဉ်သော စင်ကြယ်သောအမျိုး၌ဖြစ်သော ခုနှစ်ထောင်သော ကချေသည်တို့သည် ဖြစ်လတ္တံ့။

ချစ်သား သာရိပုတ္တရာ၊ အဇိတမင်းသား၏ မိဖုရားမြတ်ကား စန္ဒမုက္ခီအမည်ရှိ၏။ စန္ဒမုက္ခီမိဖုရားကား မောင်းမအပေါင်း ခြံရံလျက် အကျင့်သီလ သီတင်းနှင့်ပြည့်စုံ၏။ အပြစ်ခြောက်ပါးကင်း၏ ကြာနံ့အင်ငါးပါးနှင့်ညီ၏။ အလွန်အဆင်းလှ၏။ လူမတူ နတ်မမျှ အလွန်လှပသဖြင့် ရှု၍မငြီးသည်ဖြစ်လတ္တံ့။ စန္ဒမုက္ခီ မိဖုရားကိုယ်မှာ စန္ဒကူးသရက္ခန်အနံ့ကြိုင်၏။ ကိုယ်ရောင်ဖြင့် တစ်ဆယ့်နှစ်တောင်သောအရပ်သို့ ထွန်းနိုင်၏။ ကိုယ်အသားကား ဝါဂွမ်းကဲ့သို့နူးညံ့၏။ ပြုံခဲ့ဖူးသော ကုသိုလ်ကောင်းမှုသည် အဆုံးစွန်သောဘဝ၌ တည်ကြည်၏။ **စန္ဒမုက္ခီ** မိဖုရားသားကား ဗြဟ္မာဝံသမည်၏။ ရာဟုလာကဲ့သို့ အဆုံးစွန်သော ဘဝ၌ယှဉ်၏။

ချစ်သား သာရိပုတ္တရာ၊ ထိုအဇိတအမည်ရှိသော ဘုရားလောင်းသည်ကား ထိုပြာသာဒ်၌ နတ်မင်းကြီးကဲ့သို့ ရတနာခုနှစ်ပါးတို့ဖြင့် တန်ဆာဆင်၍ စန္ဒမုက္ခီအမှူးရှိသော မောင်းမအပေါင်း ခြံရံလျက် နတ်မင်းစည်းစိမ်ကဲ့သို့ ခံစား၍နေလတ္တံ့။ ချစ်သား သာရိပုတ္တရာ၊ ထိုရောအခါ အဇိတဘုရားလောင်းကား တစ်ဆယ့် ခြောက်သချေ်နှင့် ကမ္ဘာတစ်သိန်းဖြည့်ဖူးသော ပါရမီကောင်းမှု နှီးဆော်ရလေရကား ဇမ္ဗူဒီပါကျွန်း၌ မြေပြင်ရှိသမျှသည် ခပင်းများစွာတို့ ကြွေးကြော်လျက် တာဝတိံသာနတ်ပြည်ကဲ့သို့ သောသောညံညံရှိလတ္တံ့။ သုဓမ္မာနတ်သဘင်ကဲ့သို့ဖြစ်လတ္တံ့။ ခပ်သိမ်းသောလောကဓာတ်၌ရှိသော အသရေဟူသမျှတို့ကို စုပုံ၍ထားဘိသကဲ့သို့ဖြစ်လတ္တံ့။

Create PDF files without this message by purchasing novaPDF printer (http://www.novapdf.com)

ချစ်သား သာရိပုတ္တရာ၊ ရှစ်သောင်းလေးထောင်သော မင်းတို့သည်လည်းကောင်း၊ ခပ်သိမ်းသော နတ်တို့သည်လည်းကောင်း၊ သခ်ံစကြာဝတေးမင်းနှင့်တကွ မေတ္တေယျဘုရားလောင်းထံသို့ သွားကုန်၍ အရှင် အမှုကြီးငယ်တို့ကို အကျွန်ုပ်ထမ်းလိုပါ၏ဟု မျက်နှာတော်ကို ကြည့်၍ နေလတ္တံ့။ ဘုရားအလောင်းတော်လည်း မင်းများကို မင်းမှုထမ်းသူကား တစ်ဆယ့်ရှစ်ကုဋေသော အမတ်ကြီးကစ၍ များစွာသော ဆင်၊ မြင်း၊ ရဲမက်ဗိုလ်ပါရှိ၏။ ငါအလိုမရှိ သွားတော်မူလေကုန်ဟု ဆိုလတ္တံ့။

**ဘုရားအလောင်း တော်ထွက်တော်မူခန်း** ထိုသို့ အလွန်တရာ ပြည့်စုံစွာသော ဖြည့်ပြီးသော ပါရမီတော်၏ အာနုဘော်အားဖြင့် အဇိတမင်းသားကား လေးဆောင်သောပြာသာဒ်၌ လောကီစည်းစိမ်ခံစား၍ အနှစ်တစ်သောင်းနေမှ စန္ဒမုက္ခီမိဖုရားသည် ဗြဟ္မာဝံသသားကို ဖွားသ[illegible]သောအခါ ဘုရားတို့၏ ဓမ္မတာအလျောက် ဥယျာဉ်ကစားသွားလတ်သော် သူအို၊ သူနာ၊ သူသေ၊ ရဟန်းဟူသော နိမိတ်ကြီးလေးပါးတို့ကိုမြင်၍ စည်းစိမ်ချမ်းသာတို့နှင့် ပြည့်စုံသော ပြာသာဒ်တို့ဖြင့် မမွေ့လျော်သည်ဖြစ်၍ မြတ်သောတောထွက်ခြင်းဖြင့် တောထွက်အံ့ဟုကြံ၏။ ထိုအကြံကိုသိ၍ သိခ်ံစကြာဝတေးမင်းသည် ပျော်ပါးစိမ့်သောငှာ ရှစ်သောင်းလေးထောင်သော ကချေသည်တို့ဖြင့် ဘုရားလောင်းနေသော ပြာသာဒ်သဘင် ကြီးစွာခံ၍နေလတ္တံ့။

ထိုသို့ အဇိတမင်းသား တောထွက်မည်ဟူသော အသံကျော်စော၍ ပြည်ကြီးသူ၊ နိဂုံးဇနပုဒ်သူ၊ မင်းသား၊ မင်းမြေး၊ သူဌေး၊ သူကြွယ် စသောလူအပေါင်းတို့သည် ပန်းနံ့သာစွဲလျက် ခြံရံ၍နေလတ္တံ့။



ယနေ့ အဇိတမင်းသားသည် တောထွက်လတ္တံ့ဟု အုတ်အုတ်ကျက်ကျက်သောအသံဖြစ်လတ္တံ့။ ကောင်းကင်၌နေသော နတ်တို့သည်လည်းကောင်း၊ သဘင်နှင့်တကွ ပန်းနံ့သာလက်စွဲလျက် ပူဇော်ကြလတ္တံ့။ စကြာဝဠာတစ်သောင်း၌နေသော နတ်ဗြဟ္မာတို့သည်လည်း နတ်တို့၏ ထီး၊ တံခွန်၊ ပန်းနံ့သာ ရွှေပေါက်ပေါက်၊ ငွေပေါက်ပေါက် စသည်တို့ဖြင့် ဘုရားလောင်း နေသော ပြာသာဒ်၌ မိုးကြီးရွာသကဲ့သို့ အပြည့်အထပ်ရှိလတ္တံ့။

ချစ်သား သာရိပုတ္တရာ၊ ထိုအခါ၌ တောင်ကမ်းချောက်မရှိ မြေအပြင်သည် ညီညွတ်စွာဖြစ်လတ္တံ့။ အရိမေတ္တေယျဘုရားသက်တော်ကား တစ်သိန်းတမ်းဖြစ်၍ အနှစ်ရှစ်သောင်းနေလတ္တံ့။ မေတ္တေယျဘုရား အရပ်တော်ကား အတောင်ရှစ်ဆယ်ရှိ၍ မျက်တွင်းသော်ကား ငါးတောင်ရှိ၏။ ခံတွင်းတော်လည်း ငါးတောင်ရှိ၏။ နားရွက်တော်လည်း အစောက်ကား ငါးတောင်ရှိ၏။ လက်ချောင်းအကြားတစ်ထွာရှိ၏။ ဖဝါးတော်အလျားကား ဆယ်တောင် ရှိ၏။ ခြေမျက်စိကပဆစ်ဒူးတိုင်အောင် အတောင်နှစ်ဆယ်ရှိ၏။ထိုကာလ၌ လူတို့ကား အရပ်အတော်လေးဆယ်ရှိ၏။ ခံတွင်းဝ နှစ်တောင့်တစ်ထွာရှိ၏။ ထိုကာလ၌ ယနေ့ဖွားသောသားကား အရပ်ငါးတောင်ရှိ၏။ လူတို့၏ အလုံးအရပ် အင်္ဂါကြီးငယ်သည် ဘုရားတစ်ဝက်စီချည်းတည်း။ အင်္ဂါကြီးငယ်နှင့် ပြည့်စုံလျက် လှသောမျက်နှာသာရှိ၏။ အကုန်း၊ အကွ၊ အကန်း၊ အနူ၊ အဝဲမရှိကုန်။

ချစ်သား သာရိပုတ္တရာ၊ ထိုရောအခါ မေတ္တေယျဘုရားလောင်းကား မိဖုရားသားတော်အပေါင်းခြံရံလျက် ကချေသည်ခုနှစ်ထောင် အလုပ်အကျွေးနှင့်တကွ ဘုရားနေသောပြာသာဒ်သည်

Create PDF files without this message by purchasing novaPDF printer (http://www.novapdf.com)

ကောင်းကင်သို့ပျံတက်၍ ဟင်္သာမင်းပျံသကဲ့သို့ပျံလတ္တံ့။ ထိုရောအခါ ဘုရားအလောင်းတော်ထွက်ရာသို့ လိုက်ပါလိုသောသူတို့သည် ဘုရားအလောင်းတန်ခိုးကြောင့်လည်းကောင်း၊ သင်္ခစကြဝတေးမင်း အာဏာကြောင့်လည်းကောင်း၊ နတ်ကို့၏အာဏာဖြင့်လည်းကောင်း၊ ကောင်းကင်ခရီးဖြင့်သာ လိုက်လတ္တံ့တည်း။

ချစ်သား သာရိပုတ္တရာ၊ ထိုရောအခါ ဗြဟ္မာမင်းကား သုံးယူဇနာရှိသော ထီးဖြူကိုကာ၍လိုက်၏။ သိကြားမင်းကား အတောင် ခြောက်ဆယ်ရှိသော လက်ျာရစ်ခရုသင်းကို ကိုင်လျက် သာဓုခေါ်၍ လိုက်၏။ သုတာဝနတ်သားကား သားမြီးယပ်ကိုကိုင်၍လိုက်၏။ တုသိတာနတ်သားကား ပတ္တမြားယပ်ကိုကိုင်၍လိုက်၏။ ပဥ္စသိခနတ်သားကား စောင်းကိုကိုင်၍လိုက်၏။ လောကပါလနတ်သား လေးယောက်တို့ကား သန်လျက်ကိုကိုင်၍ လိုက်ကုန်၏။ နှစ်သိန်းရှစ်သောင်းသော ဘီလူးစစ်သည်တို့ကား လက်နက်ကိုယ်စီကိုင်၍ လိုက်ကုန်၏။ ဘုမ္မာသဓာတ်၊ အာကာသဓာတ်၌နေသော နတ်သမီးများလည်း ရတနာပန်းတောင်းကိုကိုင်လျက် လိုက်ကုန်၏။

အသုရာနတ်တို့ကား သီချင်းသီလျက် နတ်တို့၏တံခွန်ကို ကိုင်လျက် လိုက်ကုန်၏။ နတ်မင်းတို့ကား ပတ္တမြားရှိသော ဆီမီးတိုင်ကိုကိုင်လျက် လိုက်ကုန်၏။ ဂဠုန်တို့ကား စောင်းတီးလျက် လိုက်ကုန်၏။ ကိန္နရာတို့ကား သီချင်းသီလျက် လိုက်ကုန်၏။ ဂန္ဓဗ္ဗနတ်အပေါင်းတို့ကား စောင်းတီးလျက် နတ်၏ကခြင်း၊ သီခြင်း တို့ဖြင့် ကသီလျက် လိုက်ကုန်၏။ ဤသို့ နတ်ပရိသတ်၊ လူပရိ သတ်ခြံရံလျက် နတ်သဘင်နှင့်တကွ နတ်တို့၏ကောင်းချီးသံဖြင့်လည်းကောင်း၊ လူပရိသတ်တို့၏ ချီးမွမ်းသံဖြင့်လည်းကောင်း၊ ဗြဟ္မာတို့၏ လက်ပန်းပေါက်သံဖြင့်လည်းကောင်း



တကွ နက်သော ကောင်းကင်ကို ပဲ့တင်ထပ်စေလျက် တင့်တယ်စွာ စမ္မာယ်ခြင်းဖြင့် ပြာသာဒ်ပျံနှင့် တောထွက်လေ၍ ကံ့ကော်ဗောဓိမဏ္ဍိုင် အဆင်းနှင့်တူသော တလင်းပြင်၌ ကောင်းကင်မှသက်လေ၍ မိမိထိုင်စဉ်၌ပင် ခြောက်ရက် ဒုက္ကရစရိယကျင့်၏။ အသရေရှိသောတိုက်တွင်းမှ နေ့ရက်စေ့၍ ထွက်လတ်သော် ဗြဟ္မာမင်းသည် အလောင်းတော် မင်းသားအား ရဟန်းပြုအံ့သောငှာ ကြာသင်္ကန်းကိုကပ်သဖြင့် ရဟန်းပြု လတ္တံ့။ ဘုရားလောင်းနောက်သို့ လိုက်သောပရိသတ်သည် ရဟန်းဖြစ်၍ မဂ်ဖိုလ်ရကြလေအံ့သတည်း။

**စန္ဒမုက္ခီမိဖုရားသည် နွားနို့ဆွမ်းလှူခန်း** ချစ်သားသာရိပုတ္တရာ၊ စန္ဒမုက္ခီမည်သော မိဖုရားသည် ထိုအရပ်၌ပင်လျှင် နတ်သြဇာ ထည့်သော နွားနို့ဆွမ်းကိုလှူလတ္တံ့၊ ဘုန်းပေး၍ ညချမ်းအခါ၌ တောင်မျက်နှာက ကံ့ကော်ပင်မဏ္ဍိုင်သို့ ကပ်လေ၍ မဟာမဏ္ဍိုင် ကံ့ကော်ပင်၏ မနီးမဝေး၌ ရတနာခုနှစ်ပါးတို့ဖြင့် တန်ဆာဆင်အပ်သော ခြောက်ဆယ့်လေးတောင်အစောက်ရှိသော ရွှေပလ္လင်ပေါက်၍ ထိုရွှေပလ္လင်ထက်၌ ထက်ဝယ်ဖွဲ့တော်မူ၍ အရှေ့လောကဓာတ်သို့ ကြည့်ပြီးလျှင် နတ်ပရိသတ်၊ လူပရိသတ်ခြံရံလျက် မာရ်နတ် သားကိုအောင်ပြီးသော် ညဉ့်ဦးယံ၌ ပုဗ္ဗေနိဝါသဉာဏ်ကိုရ၏။ သန်းခေါင်းယံ၌ ဒိဗ္ဗစက္ခုဉာဏ်ကိုရ၏။ မိုးသောက်ယံ၌ အာသဝက္ခယဉာဏ်ကိုရ၏။ နေဝန်းပေါ်လတ်သော် သစ္စာလေးပါးတရားကိုသိ၍ သဗ္ဗညုတဉာဏ်ကို ရလတ္တံ့တည်း။

**သဗ္ဗညုတဉာဏ်ကိုရ၍ ဣသိပတန ဥယျာဉ်သို့ကြွတော်မူခန်း** မာရ်ငါးပါးကိုအောင်ပြီးသော် ''အနေကဇာတိ သံသာရံ''စသော

ဉဒါန်းကို ကျူးလတ္တံ့ဗောဓိကုံကော်ပင်၏အနီး၌ လေးဆယ့်ကိုး ရက်လွန်စေပြီးမှ ဖြုဟ္မာမင်းတောင်းပန်ခြင်းကိုစွဲ၍ ဣသိပတနဉယျာဉ်တော်သို့ ဓမ္မစကြာတရားဟောအံ့ဟု သွားလေသောအခါ ဟသ်ာပဒါးနှင့်တူသော ခြေတော်စုံကိုခံအံ့သောငှာ မြေကြီးကိုခွဲ၍ ကြာပဒုမ္မာတို့သည် ပေါက်လတ္တံ့။ ထိုကြာပွင့်ချပ်ကြီးသည်ကား အတောင်သုံးဆယ်ရှိ၏။ ကြာပွင့်ချပ်ငယ်သည်ကား နှစ်ဆယ့်ငါးတောင်ရှိ၏။ ကြာပွင့်၊ ကြာဝတ်ဆံမှုန့်ဆယ်တင်းရှိ၏။ ထိုကြာသည် အရိမေတ္တေယျဘုရားသွားရာ ခြေချတိုင်းခံလတ္တံ့။ အရိမေတ္တေယျဘုရားကိုယ်မှထွက်လေသော တခဲနက်သော ရောင်ခြည်တော် ခြောက်သွယ်တို့သည် ထန်းလုံးလောက်အသွယ်သွယ်ထွက်လတ်၍ မေတ္တေယျဘုရားသခင်ကြောင့် စကြဝဠာတစ်သောင်း၌ နေ့မှန်းညမှန်းမသိ ထွန်းလတ္တံ့။ ထိုရောအခါ အထက်သို့ ဘဝဂ်တိုင်အောင် အောက်ကို အဝီစိငရဲတိုင်အောင် ဖိလာထုတ်ခြင်းအကြွင်းမရှိ အနန္တစကြဝဠာထိအောင်နှံ့လေ၏။ ဓမ္မစကြာတရားဟောအံ့ဟု ရွှေကြာပွင့်ကိုနင်း၍ မိဂဒါဝုန်တောသို့ သွားလတ္တံ့။ လူတို့သည် နေ့မှန်းညမှန်းမသိ ကြက်တက်၊ ကြက်ဆင်းကိုလည်းကောင်း၊ နံနက်ပန်း၊ ညဉ့်ပန်းတို့ကိုလည်းကောင်း၊ ချင့်တွက်၍ ညဉ့်၊ နေ့အမှတ်ပြု၏။ ထိုသို့ ဓမ္မစကြာတရားဟောသောအခါ လူပရိသတ်အပေါင်းတို့သည် တစ်ဆယ့်ခြောက်ယူဇနာ၊ နတ်ပရိသတ်အပေါင်းတို့သည် စကြဝဠာတိုက်လုံးအပြည့် အကနိဋ္ဌဗြဟ္မာ့ပြည်တိုင်အောင် စည်းဝေးကြလတ္တံ့။ ထိုသို့စည်းဝေးစဉ် ပင်လျှင် ပရိတ်သတ်တို့၏အလယ်၌ လူလည်းမကိုင်၊ နတ်လည်းမကိုင်၊ မီးလည်းမလောင်၊ မိုးလည်းမစွတ်၊ မြူလည်းမတင်သော ဗိတာန်သည် နိမ္မာန်ဝင်သည့်တိုင်အောင် မေတ္တေယျဘုရားရှင် ဦးခေါင်းထက်တော် နေ့ညဉ့်အမြဲပင် ကာ၍ရှိလတ္တံ့။ ရတနာခုနှစ်ပါးတို့ဖြင့်ပြီးသော ရွှေခြူ၊



ညောင်ရွက်၊ သန္တာဆိုင်းတို့ဖြင့် တစ်ဆယ့်နှစ်ယူဇနာရှိသော ဗိတာန်သည် တရားဦးဟောသောနေ့မှစ၍ မေတ္တေယျဘုရားရှင် ဦးခေါင်းတော်ထက်၌ နေ့ညဉ့်အမြဲပင် ကာ၍ရှိလတ္တံ့။ လူလည်းမကိုင်၊ နတ်လည်းမကိုင်၊ မီးလည်းမလောင်၊ မိုးလည်း မစွတ်၊ မြူလည်းမတင်သောဗိတာန်သည် နိမ္မာန်ဝင်အောင်ပင် ကာ၍ ရှိလတ္တံ့။

**သစ္စာလေးပါးတရားကို ဟောတော်မူခန်း** မေတ္တေယျဘုရားရှင်သည် သစ္စာလေးပါး တရားကို ဟောတော်မူသောအခါ လူကား အကုဋေတစ်သိန်းကျွတ်လတ္တံ့။ နတ်လည်း အကုဋေတစ်သိန်း ကျွတ်လတ္တံ့။

ချစ်သားသာရိပုတ္တရာ၊ အဘိညာဉ်ငါးပါးနှင့် ပြည့်စုံသော အကုဋေတစ်သိန်းသော ရဟန္တာတို့သည် မေတ္တေယျဘုရားကို ရံလတ္တံ့။ ထိုရောအခါ သင်္ခစကြဝတေးမင်းသည် ရတနာခုနှစ်ပါးဖြင့်ပြီးသော ပြာသာဒ်ကျောင်းကို ဘုရားအမှူးရှိသော သံဃာတော်တို့အား ဆောင်နှင်း၍ ပစ္စည်းလေးပါးနှင့်လှူပြီးမှ ဘုရားသို့ချဉ်းကပ်၍ နောက်ပါ အခြွေအရံ ကုဋေတစ်သိန်းနှင့်တကွ မင်းမိဖုရားတို့သည် ဟေဘိက္ခု ချည်းဖြစ်လတ္တံ့။ မေတ္တေယျဘုရားသည် ကျွတ်ထိုက်သော သတ္တဝါ နတ်လူများတို့အား ချွတ်အံ့သောငှာ သွားလတ္တံ့။

**အနွယ်တော်အဆက်ပြခြင်း** မေတ္တေယျဘုရားသခင်၏ အမိကား ဗြဟ္မဝတီပုဏ္ဏေးမတည်း။ အဘကားသုဗြဟ္မာအမည်ရှိသော ပုရောဟိတ်ပုဏ္ဏားတည်း။ မေတ္တေယျဘုရားလောင်း၏ မိဖုရားကား စန္ဒမုက္ခီတည်း။ သားကား ဗြဟ္မဝံသတည်း။ လက်ျာရံကား အသောက၊ လက်ဝဲရံကား ဗြဟ္မဒေဝ။ အလုပ်အကျွေးကား သီဟတည်း။ လက်ဝဲရံအမိကား ပဒုမ၊

Create PDF files without this message by purchasing novaPDF printer (http://www.novapdf.com)

လက်ျာရံ၏အမိကား သုမနတည်း။

**ကုံကော်ဗောဓိ၏အတိုင်းအထွာပမာဏပြခြင်း** ဗောဓိကုံကော်ပင်၏ လုံးပတ်ကား အတောင်ခုနှစ်ဆယ်ရှိ၏။ ခက်မကိုးဖြာကား အတောင်တစ်ရာ့နှစ်ဆယ်ရှိ၏။ ကုံကော်ပင်ကား စန္ဒကူးသရက္ခန်အနံ့ကဲ့သို့ လေအောက်လေညာ ဆယ်ယူဇနာမွှေး၏။ အငုံကား တစ်ဆယ့်နှစ်ကွမ်းစား၊ အငုံရိုးကား ဝင်ရိုးခန့်ရှိ၏။ အပွင့်ကား လှည်းဘီးလောက်ရှိ၏။ ထိုကုံကော်ပင်၌ ဘုရားဖြစ်သောနေ့မှစ၍ ပွင့်သောပန်းပွင့်သည် မညှိုးနွမ်းဘဲ အနှစ်ရှစ်သောင်းစေ့၍ နိဗ္ဗာန်ဝင်မှကြွေလတ္တံ့။ စန္ဒကူးထင်းပုံထက်စု၍ထားဘိသကဲ့သို့ ကြွေလတ္တံ့။ ကုံကော်ပန်း၏ ဝန်းကျင်တစ်ယူဇနာ လောက်သောအရပ်၌ အထူးထူးသောပန်းတို့သည်လည်းကောင်း၊ အထူးထူးသောအသီးတို့သည်လည်းကောင်း၊ အသီးအပွင့်တို့ဖြင့် ဖုံးလွှမ်းလျက် လက်ျာရစ်လည့်၍ တညီကုန်လျက် ဗောဓိပင်၏ ဝန်းကျင်တစ်ယူဇနာခွဲရှိသောအရပ်၌ ရတနာသလဲဖုံးလွှမ်းလျက် ရတနာသလဲ၌ အထူးထူးသော အဆင်း လှသော အနံ့မွှေးသော ကြည်းပန်း၊ ရေပန်းတို့သည်လည်းကောင်း၊ ဒုကား၊ စမွယ်၊ ချယား၊ မြတ်လေး၊ သရဖီတို့သည်လည်းကောင်း၊ ယှဉ်နှံးကုံးသကဲ့သို့ ဗောဓိကုံကော်ပင်သို့ညွတ်၍ ပွင့်လတ္တံ့။ ကုံကော်ပင်၏ ခက်မအကြား၌ ပဒုမ္မာကြာပွင့်တို့သည် ကြာမျိုးငါးပါးနှင့် ဖုံးလွှမ်းလျက်ဖြစ်လတ္တံ့။ ဗောဓိပင်၏ လေးမျက်နှာ၌ ရတနာမဏ္ဍာပ်ရွှေဇရပ်တို့သည် ပေါက်လတ္တံ့။ ကုံကော်ပင်၏ ခက်မကြားတို့၌ ပဒုမ္မာကြာပွင့်တို့သည် ကြာဖိတာန်မိုးသကဲ့သို့ ရှိလတ္တံ့။ ကောင်းကင်ဖြင့်သွားသော ငှက်တို့သည် လက်ျာရစ်လှည့်၍ ပျံကုန်၏။ ဗောဓိပင်ကိုနားဝံ့သော ငှက်မရှိကုန်။ လေလာသော်လည်း အရွက်ကိုမျှ မလှုပ်နိုင်။



လူ၊ နတ်၊ ဗြဟ္မာတို့သည် ဗောဓိကုံကော်ပင်ကိုကြည့်၍ မငြီးငွေ့လည်းဖြစ်လတ္တံ့။

**ရွှေမဏ္ဍာပ်၊ ရွှေခေါင်းလောင်း၊** ချစ်သား သာရိပုတ္တရာ၊ ဤသို့တင့်တယ်ကြီးများ **ပေါ်ပေါက်လာပုံ** ခြင်းဖြင့် တင့်တယ်သော ကုံကော်ပင်သည် ဖြစ်လတ္တံ့။ မေတ္တေယျဘုရားလောင်း၏ လက္ခဏာကြီးငယ်တို့သည် စီစဉ်၍ထားဘိသကဲ့သို့ ရှိလတ္တံ့။ ဗြဟ္မာမင်း၏ အသရေကို နှိပ်စက်သကဲ့သို့ရှိလတ္တံ့။ ချစ်သားသာရိပုတ္တရာ၊ မေတ္တေယျဘုရားဝေနေသန့်အံ့သောငှာ မြေကြီးကိုခွဲ၍ တစ်ဆယ့်နှစ်ယူဇနာရှိသော ရတနာခုနှစ်ပါးတို့ဖြင့်ပြီးသော ပတ္တမြားပလ္လင်သည် မဏ္ဍာပ်အလယ်၌ ပေါက်လတ္တံ့။ ရတနာဖြင့်ပြီးသော ပုလဲဆိုင်၊ ရွှေချို၊ ငွေဘောင်ရွက်တို့ဖြင့် တင့်တယ်သော နတ်၏ထီးဖြူလည်း ဖြစ်လတ္တံ့။ ချစ်သား သာရိပုတ္တရာ၊ နတ်တို့သည် အထူးထူးသောနည်းဖြင့် သီကုံးသော၊ ဖန်ဆင်းအပ်သော ပန်းဆိုင်းတိုင်တို့သည်ကား ရွှေပန်းဆိုင်းတိုင်၊ ငွေပန်းဆိုင်းတိုင်၊ ပတ္တမြားပန်းဆိုင်းတိုင်ဖြစ်လတ္တံ့။ ရတနာတို့ဖြင့်ပြီးသော တံခွန်တို့သည် တလျှပ်လျှပ်သာရှိလတ္တံ့။ ရတနာဆီမီးတိုင်၊ ဆီမီးခွက်တို့သည် လူလည်းမထွန်း နတ်လည်းမထွန်းဘဲ တပြောင်ပြောင်တောက်လျက်သာ ရှိလတ္တံ့။ ပန်းမျိုးတို့သည်လည်း အနံ့တကြိုင်ကြိုင်လှိုင်လျက်သာ မွှေးလတ္တံ့။ မဏ္ဍာပ်ဝန်းကျင်၌ ရွှေအိုး၊ ငွေအိုး၊ ပတ္တမြားအိုးတို့သည် ဖြစ်လတ္တံ့။

မဏ္ဍာပ်ဝန်းကျင်၌ အဆင်းငါးပါးရှိသော နတ်ပုဆိုးတို့သည် ဖြစ်လတ္တံ့။ ပန်းမိုးနံ့သာမိုးတို့သည် တရံမပြတ်ပင်ရွာလတ္တံ့။ မဏ္ဍာပ်လေးထောင့်၌ အတောင်သုံးဆယ်ရှိသော ခေါင်းလောင်းကြီးသည် တဲ့ရွဲဆွဲလတ္တံ့။ လေခတ်လတ်သော် ခေါင်းလောင်းသံသည် စကြဝဠာတိုက်အလုံးကြားလတ္တံ့။ ရတနာခုနှစ်ပါးတို့ဖြင့်ပြီးသော တန်ဆာဆင်ယင်

Create PDF files without this message by purchasing novaPDF printer (http://www.novapdf.com)

သော ပတ္တမြားပလ္လင်ထက်နေ၍ နတ်တို့အား တရားဟော၍ ရဟန်း အဖြစ်ကို ပေးလတ္တံ့။

**မေတ္တေယျဘုရားလောင်းသည် ရှေးလွန်လေပြီးသော ဘုရားရှင်တို့အား လှူဒါန်းခဲ့သောကောင်းမှုအကျိုးကိုပြခြင်း** မေတ္တေယျ ဘုရားရှင်၏ ပါရမီဆုတောင်း အာနုဘော်ကြောင့် နေတော်မူသောမဏ္ဍပ် ဗိတာန် ပန်းဆိုင်တိုင်၊ တုရင်တိုင်၊ ထီး၊ တံခွန်၊ ဆီမီးတန်ဆောင်တို့သည် မေတ္တေယျဘုရားသွားလျှင်သွားချင်း နေလျှင်နေချင်း နေလတ္တံ့။ ချစ်သား သာရိပုတ္တရာ၊ မေတ္တေယျဘုရားအား ပတ္တမြားပလ္လင်ထက်နေ၍ စကြဝဠာတစ်သောင်းလုံးကို တရားဟောသဖြင့် ကြားစေလတ္တံ့။ မေတ္တေယျဘုရားလောင်းကား လွန်လေပြီးသောဘုရားတို့ကို ကျောင်းဇရပ်၊ ပလ္လင်၊ ဆွမ်း၊ သင်္ကန်း၊ ဆေးနံ့သာ၊ ထီး၊ တံခွန်၊ ဆီမီး၊ ညောင်ရေကြာဗိတာန်၊ ပန်းဆိုင်းတိုင် အစရှိသော အထူးထူးသော အလှူကောင်းမှု၌ ပြုစုနိူးဆော်လေရကား လောကဓာတ်တို့၌ရှိသော အသရေဟူသမျှကို မဏ္ဍပ်၌ စုပုံ၍ထားဘိသကဲ့သို့ ရှိပေလတ္တံ့။ရတနာမဏ္ဍပ်၏အတွင်း၌ကား စမ္ပယ်၊ စကား၊ ချယား၊ မြတ်လေး စသော ပန်းနံ့သာမျိုးတို့သည် အနံ့တကြိုင်ကြိုင်လှိုင်လတ္တံ့။ မေတ္တေယျဘုရားကို ဒါယကာတို့သည် ဆွမ်းဖိတ်၍ သွားအံ့သောအခါ ရတနာမဏ္ဍပ်သည် စိတ်ရှိရာအရပ်သို့ ကောင်းကင်ဖြင့်သွားလတ္တံ့။ လှူအံ့သော ဒါယကာတို့ အိမ်တံခါး၌ တည်လတ္တံ့။

ထိုမဏ္ဍပ်ခေါင်းလောင်းတို့၏အသံဖြင့် ကြားနံ့၍ ဘုရားကြွလာတော်မူပြီဟု လူ၊ နတ်၊ နဂါးတို့သည် ဆွမ်းလုပ်ကျွေးလတ္တံ့။ ဆွမ်းအကျိုးကို အနုမောဒနာတရားဟောသောအသံကား စကြဝဠာတစ်တိုက်လုံး ကြားလတ္တံ့။ လူတို့သည်လည်း မိမိအိမ်၌နေ၍ ဟော



သကဲ့သို့ ကြား၍လည်းကောင်း၊ ဘုရား၏တင့်တယ်ခြင်းကို မြင်၍လည်းကောင်း၊ ဘုရားကိုသာကိုးကွယ်ရာဖြစ်သော ပဉ္စသီလစသော သီတင်းသီလ ကမ္မဋ္ဌာန်းကိုဆောက်တည်၍ အရဟတ္တဖိုလ်သို့ ရောက်လတ္တံ့။

ချစ်သားသာရိပုတ္တရာ၊ ထိုရောအခါ တိတ္ထိတက္ကတွန်း ရဟန်းတို့သည်လည်း မရှိလတ္တံ့။ လူတို့သည် ဆယ်ပါးသော ပုညကြိယာဝတ္ထုတို့ဖြင့်လည်းကောင်း၊ ဝိပဿနာသို့ရောက်၍လည်းကောင်း၊ နတ်ပြည်၊ ဗြဟ္မာ့ပြည်သို့ချည်း ရောက်လတ္တံ့။ ထိုအခါ ဖြစ်သောလူတို့သည် စည်းစိမ်ချမ်းသာအခြံအရံနှင့် ပြည့်စုံကုန်၏။ ကြောင့်ကြစိုးရိမ်ခြင်းမရှိ၊ ချမ်းသာစွာအသက်မွေး၍ နေကုန်၏။ နတ်ပြည်ကဲ့သို့ရှိလတ္တံ့။

**နိဗ္ဗာန်ဓာတ်ဖြင့် ပရိနိဗ္ဗာန်စံဝင်စန်း** အရိမေတ္တေယျဘုရားကား သက်တော် ရှစ်သောင်းစေ့လေသော် တရားဟူသော ဆီမီးကိုသာ ထွန်းခဲ့၍ တရားဟူသောမဂ္ဂင်လှေကို လူ၊ ရဟန်းတို့အား ကူးစိမ့်သောငှာ ထားခဲ့၍ သာသနာတော်ကား အနှစ်သုံး သိန်းရှစ်သောင်း ထားလတ္တံ့။ ချစ်သား သာရိပုတ္တရာ၊ မေတ္တေယျဘုရားအား တပည့်အပေါင်းနှင့် ကျွတ်ထိုက်သော လူ၊ နတ်တို့၌ ကိလေသာဟူသော အမှောင်ကိုဖျောက်၍ သဗ္ဗညုတဉာဏ်ဟူသော အလင်းကိုထွန်းခဲ့၍ ဝိပါတ်ကမ္မဇရုပ် အကြွင်းမရှိ။ နိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန်ဝင်လေအံ့သတည်း။ အရိမေတ္တေယျဟူသော ဝေါဟာရကိုသာ လူတို့ဆိုလတ္တံ့။ ဘုရားဖြစ်လေပြီးသောအခါ၌ ဗုဒ္ဓရာဇာဟု နာမံတော်ခေါ်လတ္တံ့။

**အရိမေတ္တေယျဘုရားကို ဖူးတွေ့လိုသော သူတို့ လိုက်နာကျင့်သုံးရန်ကိုပြခြင်း** အရိမေတ္တေယျဘုရားကို ဖူးမြင်လိုသောသူတို့သည် သာသနာတော်၌ ကောင်းစွာရဟန်းပြု၍ ငါ၏ အဆုံး

Create PDF files without this message by purchasing novaPDF printer (http://www.novapdf.com)

အမတော်ကို ခံပေသောသူ၊ သားကိုကောင်းစွာ ရဟန်းပြုပေးသောသူ၊ သား၊ မြေးတို့ကိုလည်းကောင်း၊ သူတစ်ပါးတို့ကိုလည်းကောင်း၊ ရဟန်းပြုသောသူ၊ မိခင်၊ ဘခင်တို့ကို ရိုသေစွာ လုပ်ကျွေးသောသူ၊ ပဥ္စသီလဆောက်တည်သောသူ၊ သရဏဂုံမပြတ်ဆောက်တည်သောသူ၊ ကမ္မဋ္ဌာန်းဘာဝနာကို မပြတ်ဆောက်တည်သောသူ၊ ငါ၏သာသနာတည်စိမ့်သောငှာ စည်းခုံ၊ ပုထိုး၊ စေတီ၊ ဥမင်၊ လိုဏ်ခေါင်း၊ ဇရပ်ပြုပြင်သောသူ၊ ဗောဓိညောင်တော်ကို စိုက်ပျိုးသောသူ၊ စတုဒိသာကျောင်း၊ ဇရပ်ဆောက်သောသူ၊ ရေ တွင်း၊ ရေကန်၊ ရေအိမ်၊ တံတားပြုသောသူ၊ ပိဋကပါတ်ဆွမ်း လောင်းသောသူ၊ ထီး၊ တံခွန်၊ ဆီမီး၊ ကြာပန်းလှူသောသူ၊ ရဟန်းတို့အား ပစ္စည်းလေးပါးလှူသောသူ၊ ညောင်ရေသွန်းလောင်းသောသူ၊ ထိုသို့ပူဇော်လှူဒါန်းသောသူတို့သည် အရိမေတ္တေယျဘုရားကို ဖူးရလတ္တံ့။

**အရိမေတ္တေယျဘုရားသာသနာ ကုန်၍ သုညကမ္ဘာကိုပြခြင်း** အရိမေတ္တေယျမြတ်စွာဘုရား၏ သာသနာတော် သုံးသိန်းခြောက်သောင်း ကုန်ကျလေ၍ ဤဘဒ္ဒကမ္ဘာသည် အချိန်တန် လျှင်ပျက်လတ္တံ့။ ထို့နောက် ဘုရားမပွင့်၊ ကမ္ဘာတစ်သိန်းပတ်လုံး သုညကပ်သုဉ်းလတ္တံ့။

**မဏ္ဍကမ္ဘာ၌ ဗျာဒိတ်ကြားခန်း** ချစ်သား သာရိပုတ္တရာ၊ ထို့နောက် မဏ္ဍကမ္ဘာဖြစ်လတ္တံ့၊ ထိုမဏ္ဍကမ္ဘာ၌ ဥတ္တရာမမင်းသည် ရာမသမ္ဗုဒ္ဓဘုရားဖြစ်လတ္တံ့။ ပသေနဒီကောသလမင်းသည် ဓမ္မရာဇာဘုရားဖြစ်လတ္တံ့။ ထိုမဏ္ဍကမ္ဘာ၌ ဘုရားနှစ်ဆူပွင့်လတ္တံ့။ ပဒေသာပင်လည်းများစွာပေါက်လတ္တံ့။



**သာရကမ္ဘာ၌ ဗျာဒိတ်ကြားခန်း** ချစ်သား သာရိပုတ္တရာ၊ ထို့နောင် သာရကမ္ဘာဖြစ်ပေါ်လာ၍ ထိုကမ္ဘာတွင် အဘိဘူဘုရား တစ်ဆူသာပွင့်လတ္တံ့။ ထို့နောက် ကမ္ဘာတစ်သိန်းသုဉ်းလတ္တံ့။ ထို့နောက်မှ ကြွင်းသောကမ္ဘာများ၌ ဒီဃသောနိ အသုရိန်နတ် သား၊ စန္ဒနီပုဏ္ဏား၊ သုဘလုလင်၊ *တောဒေယျပုဏ္ဏား၊ နာဠာဂီရိဆင်မင်း၊ ပလလေယဆင်မင်းတို့ အစဉ်အတိုင်း ဘုရားဖြစ်လတ္တံ့။

**ရှင်သာရိပုတ္တရာ လျှောက်ထားခန်း** ထိုရောအခါ သဗ္ဗညုမြတ်စွာဘုရားကို ရှင်သာရိပုတ္တရာသည် ဤသို့နားတော်လျှောက်ပြန်၏။ အရှင်ဘုရား၊ အရိမေတ္တေယျမြတ်စွာဘုရားလက်ထက်၌ နေ့ညဉ့်မပြတ်အရောင်အဝါသည် အံ့ဘွယ်ကောင်းမှုကိုပြုခဲ့ဖူးသောကြောင့် ထွန်းသည်ဟူ၍ အကျွန်ုပ်တို့အား သနားခြင်းကိုစွဲ၍ ဟောတော်မူပါဟု တောင်းပန်ပြန်သော် သဗ္ဗညုမြတ်စွာဘုရားလည်း ဤသို့မိန့်တော်မူပြန်၏။

ချစ်သား သာရိပုတ္တရာ၊ ရှေးလွန်လေပြီးသောအတိတ်ကဿပတ္တနဂိုရ်ပြည်၌ အရိမေတ္တေယျမြတ်စွာဘုရားလက်ထက် ထိုသူသည် သခံစကြဝတေးမင်းဖြစ်သောအခါ မြို့အလျားကား သုံးဆယ့်ခြောက်ယူဇနာ၊ တံခါးလေးတံခါးတွင် ပဒေသာပင်လေးပင် ပေါက်လတ်၍ ဘုံခုနှစ်ဆင့်ရှိသော အစောက် နှစ်ဆယ့်ငါးယူဇနာ ရှိသောနတ်ဘုံ၌ ခံစား၍နေ၏။ မြတ်စွာဘုရားဖြစ်၍နေ၏။ မြတ်စွာဘုရားဖြစ်သောအဖြစ်ကို သိလို၍ စကြဝတေးမင်းကြီးသည် ဤသို့ဆုတောင်း၏။

ငါ့ကို ဘုရား၊ တရား၊ သံဃာသည် မည်သည့်အရပ်မှာရှိ၏ဟု လျှောက်ကြားပေးမူကား ထိုသူကို စကြဝတေးအရာပေးမည်။ ဤသို့ဆုတောင်း၏။ ပတ္တနာပြု၍ ရတနာပန်းတောင်းနှင့် ဝိဌာန်၏။

**သင်္ခစကြဝတေးမင်းနှင့် သာမဏေတွေ့ခန်း** ထိုကာလတွင် မြတ်စွာဘုရားတပည့်တော် ဖြစ်သော သာမဏေတစ်ပါးသည် မြို့သို့ ရောက်လာ၏။ ထိုအခါ သင်္ခစကြဝတေးမင်းသည် ခြသေ့်ခံသော လေသာပြတင်းပေါက်မှ သာမဏေကိုမြင်၍ မေးလေ၏။

အို–အသင်မင်းသား၊ သင်ကား ဘီးလူးလော၊ နတ်လော၊ သင်ကား အသူနည်းဟုမေး၏။

မင်းကြီး ငါသည်သာမဏေဟူ၍ တွင်သတည်း။

လုလင်–အဘယ့်ကြောင့် သင်သည် သာမဏေတွင်သနည်း ဟု မေးမြန်း၏။

မင်းကြီး–ငါသည် သရဏဂုံသုံးပါးနှင့်တကွ ဒသသီလဆယ် ပါးကို စောင့်သောကြောင့် မကောင်းမှုမှ ကင်းသည်ဖြစ်၍ သာမဏေ ဟူ၍ ခေါ်သတည်းဟုဆိုသော်. . .

သာမဏေစကားကိုကြားလျက် မင်းကြီးလည်း ငါသာမဏေ ၏ခြေကို ဦးတိုက်မည်ဟူ၍ နန်းတံခါးကို ကျော်လေသော် ပီတိသောမန သဖြစ်သောကြောင့် အောက်သို့ရောက်မှန်းမသိ ရောက်လေ၍ ထိုအခါ လှည်းဘီးမျှလောက်ရှိသော ကြာပဒုမ္မာ နှင့်ပွင့်သည် မင်းကြီးခြေတော်ကို ခံလေ၏။ ထိုကြာပွင့်ကိုနင်း၍ သာမဏေခြေကို ဦးတင်လျက်. . .

သာမဏေသာ မြတ်သလော၊ သာမဏေထက်မြတ်သော သူရှိသေးသလောဟု မင်းကြီးမေးပြန်၏။

မင်းကြီး ငါ့ထက် ငါ့ဆရာမြတ်စွာဘုရားရှိသေး၏ဟုဆို၏။ အဘယ်အရပ်မှာ မြတ်စွာဘုရားရှိသနည်းဟု မေးပြန်၏။

မင်းကြီး၏ပြည်နှင့် တစ်ဆယ့်ခြောက်ယူဇနာရှိသော ပုဗ္ဗာ ရုံကျောင်းတော်၌ နေတော်မူ၏။



အို–သာမဏေ၊ မြတ်စွာဘုရားရှိရာအရပ်သို့ ငါသွားတော့ မည်ဟူ၍ဆို၏။

ယင်းသို့တံပြီးကား သာမဏေအား လက်ကိုင်၍ စကြဝတေး မင်းစည်းစိမ်ကို စံတော်မူဟု ရေစက်ချ၍ သာမဏေအား နန်းအရာကို အပ်နှင်းခဲ့၍ စကြဝတေးမင်းလည်း တစ်ကိုယ်တော်ချင်း မြတ်စွာ ဘုရားရှိရာအရပ်သို့ သွားလေ၏။

တစ်နေ့သွားလျှင် ခြေဖဝါးပေါက်၏။ နှစ်ရက်သွားလျှင် ခြေဖဝါး၌သွေးထွက်၏။ ခြေဖဝါးဖြင့်သွားခြင်းငှာ မတတ်နိုင်၊ ဖဝါး ဖြင့်သွားခြင်းငှာ မတတ်နိုင်လျှင် ပုဆစ်ဒူးနှစ်ဘက်၊ လက်နှစ်ဘက် ထောက်၍ သွားလေ၏။ လေးရက်မြောက်သွားလေသော် အဘယ် သို့ မြတ်စွာဘုရားထံသို့ ရောက်နိုင်ပါမည်နည်းဟူ၍ ကြောင့်ကြ စိုးရိမ်၏။ ငါးရက်နှင့်သွားတော့မည်ဟု ကြံပြန်၏။

ထိုအခိုက်တွင် ဒိဗ္ဗစက္ခုဉာဏ်တော်ဖြင့် စကြဝဠာတစ်သောင်း လုံးကို မြတ်စွာဘုရားကြည့်တော်မူလတ်သော် သင်္ခစကြဝတေးမင်း အကြောင်းကို မြင်လေ၏။ စကြဝတေးမင်းသည် ငါ့ကို ဖူးမြော်ရန် လာသည်မှာ ပင်ပန်းဆင်းရဲလေစွတကား၊ ငါမသွားသော် ငါ့ထံသို့ မရောက်မီ သေတော့မည်ဟူ၍ မြတ်စွာဘုရားသည် သက်အိုကြီး ယောင်ဆောင်တော်မူ၍ လှည်းစီးလျက် ထိုမင်းထံသို့သွားလေ၏။

ထိုမင်းကြီးလည်း အို–လှည်းသခင်၊ အသက်ကြီးလမ်း လွဲတော်မူပါဟု ဆို၏။

အသင်ငါမလွှဲဟုဆိုသတည်း။ မင်းကြီး အဘယ်သို့သွားမည် နည်းဟုမေး၏။

ငါမူကား မြတ်စွာဘုရားထံသို့ သွားမည်ဟုဆိုပေ၏။

Create PDF files without this message by purchasing novaPDF printer (http://www.novapdf.com)

အို-မင်းကြီး၊ မြတ်စွာဘုရားသည် ငါ့ဆရာပင်၊ ငါဗို့တော့မည်၊ လှည်းပေါ်သို့တက်လော့ဟူ၍ ဆို၏။

မင်းကြီးလည်း ကောင်းပြီဟု လှည်းပေါ်တက်၍ လိုက်လေ၏။

ထိုအခါ သုဇိတာနတ်သမီးသည် စကြဝတေးမင်း ပင်ပန်းသည်ကိုမြင်၍ ထမင်းထုပ်ကိုယူ၍ လူမိန်းမအယောင်ဆောင်လျက် မြတ်စွာဘုရားအထံတော်သို့ ရောက်လေ၏။ အို-လှည်းရှင်သခင်ကြီး၊ ထမင်းထုပ်ကိုယူပါလေဟုဆို၏။

အို-ရှင်မ၊ ငါကား အလိုမရှိ၊ လှည်းတွင် မကျန်းမာသူကိုသာ ပေးပါလော့ဟုဆို၏။

ထိုခဏ၌ သိကြားမင်းသည် ရေဘူးနှင့်လာပြန်၏။ အိုလှည်းရှင်သက်ကြီး၊ ဤရေဘူးကိုလိုလျှင် ယူပါလော့ဟုဆို၏။

အို-လုလင်၊ ငါကား အလိုမရှိ၊ လှည်းတွင် လူမကျန်းမာအား ပေးပါလော့ဟုဆို၍ ပေးခဲ့ပြန်၏။

စကြဝတေးမင်းလည်း နတ်သမီး၊ သိကြားမင်းပေးသော နတ်ထမင်း၊ နတ်ရေကို စားသောက်ရလျှင် ထိုနေရာမှလွတ် မြောက်၍ ချမ်းသာပေ၏။ မြတ်စွာဘုရားလည်း ကျောင်းတော်နှင့် မနီးမဝေးသို့ ရောက်လျှင် သင်မူကား နေရစ်လော့။ ငါမူကား အရပ်တစ်ပါးသို့သွားတော့ မည်ဆိုလျက် သွားလေ၏။ ကျောင်းတော်တွင် ဘုရားအဖြစ်ဖြင့် နေတော်မူလင့်၏။

မင်းကြီးလည်း ကျောင်းတော်သို့ဝင်လေသော် ထိုခဏ၌ မြတ်စွာဘုရားကိုမြင်လေလျှင် သေငယ်သေလေ၍ သိကြားပေးသော ရေကို သောက်သောကြောင့် ရှင်ပြန်လေ၏။ မြတ်စွာဘုရား တရားဟောသော်လည်း ....



အရှင်ဘုရား ဤမျှမဟောပါနှင့်။ တစ်ခွန်းတည်းသာဟောပါဟူ၍ တောင်းပန်လေ၏။

မြတ်စွာဘုရားလည်း ကုသိုလ်ပါရမီကို ဟောတော်မူ၏။

စကြဝတေးမင်းလည်း အရှင်ဘုရား ဤမျှသာဟောတော်မူပါဟု လျှောက်၏။ အဘယ့်ကြောင့်တားသနည်းဟူမူကား ဟောတော်မူသော တရားတော်သည် မြတ်လည်းမြတ်လှသည်။ ငါ၏ ဦးခေါင်းတော်သာ မြတ်သည်ဟူ၍ ကြံ၏။

ချစ်သား သာရိပုတ္တရာ၊ ထိုရောအခါ စကြဝတေးမင်းသည် လက်သည်းနှင့် လည်ကိုလှီးဖြတ်၍ ရတနာပန်းတောင်းနှင့်တကွ ဦးခေါင်းကို လက်ဝါးတွင်တင်၍ လှူပြီးလျှင် ဤသို့ဆုတောင်း၏။ ဘုန်းတော်ကြီးလှသော အရှင်ဘုရား၊ နောင်သောအခါ မြတ်စွာဘုရားကဲ့သို့ အကျွန်ုပ်သည် ဓမ္မစကြာတရားကို ဟောရလို၏။ အကျွန်ုပ်၏ ကိုယ်အရောင်သည်လည်း နေ့ညဉ့်မပြတ် ထွန်းစေသတည်းဟု ဆုတောင်းလျက် မြတ်စွာဘုရားကို ပူဇော်လေ၏။ ပူဇော်ပြီးမှ စုတေလေ၏။ ချစ်သား သာရိပုတ္တရာ၊ ဤသို့ဆုတောင်း၍ လှူဖူးသောကြောင့် မေတ္တေယျမြတ်စွာဘုရားသည် နေ့ညဉ့်မသိ အရောင်အဝါထွန်းအံ့၏ ဟူ၍ ငါတို့မြတ်စွာဘုရားသည် အရှင်သာရိပုတ္တရာအား ဟောတော်မူ၏။

ချစ်သား သာရိပုတ္တရာ၊ နောင်သော် ရာမမင်းကား ရာမသမ္ဗုဒ္ဓဘုရားဖြစ်လတ္တံ့။ ပသေနဒီကောသလမင်းကား ဓမ္မရာဇာ ဘုရားဖြစ်လတ္တံ့။ မာရ်နတ်သားကား ဓမ္မသာမိဘုရားဖြစ်လတ္တံ့။ အဘိန္ဒရာမမင်းကား နာရဒဘုရားဖြစ်လတ္တံ့။ ထိုနောင်မှကြွင်းသော ကမ္ဘာများ၌လည်း ဒေါနပုဏ္ဏားအစရှိသောသူတို့သည် ဖြစ်လတ္တံ့ဟု ငါတို့မြတ်စွာဘုရားရှင်သည် ရှင်သာရိပုတ္တရာအား ဟောတော်မူ၏။ မဟာဝင်ကျမ်း

Create PDF files without this message by purchasing novaPDF printer (http://www.novapdf.com)

အဌကထာ၌လာ၏။

ကဿပဟု၊ ဗုဒ္ဓမြတ်စွာ၊ သုံးရွာသခင်၊ မြတ်ချစ်ရှင်၏ ဗုဒ္ဓဝင်မွေခံ၊ နာမံမည်မှတ်၊ သိဒ္ဓတ်မင်းသား မြောက် သားငါးယောက် ကြီးမြောက်သော်၊ ထိုယော်သုမိတ္တ၊ ကဥ္စနနှင့်၊ မင်္ဂလဟူ၊ ဘွဲ့မူသာယာ၊ မလ္လိကာမိဖုရား၊ စဉ်လိုက်ထားမှ၊ သားကားငါးယောက်၊ ကြီးမြောက် နန်းလျှာ၊ ရာဟုလာဟု၊ ရည်မှတ်ပြုမှ ထိုမှတစ်ဖန်၊ သုမိတ္တံလျှင်၊ မွေးမြင်သည်ကား၊ အများခေါ်ကြ၊ သားပုတ္တလျှင်၊ အမည်တွင်ရ၊ ကဥ္စန မိဖုရား၊ မွေးသည့်သားကား၊ အများတွင်ခေါ်၊ သားသော်ဥပယောဂ၊ တွင်ပေစွဟု မင်္ဂလဟူ၊ သားတော်မူလည်း၊ ထိုသူမည်ရ၊ သဃ်ဝရ၊ ထိုမှတစ်ပါး၊ မိဖုရား မလ္လိကာ၊ သားတော်မှာလည်း၊ မည်သာတွင်ဘိ၊ ဇာတိဝရ၊ ပေါင်း စုံကလည်း၊ ပဥ္စပုတ္တ၊ ဘွဲ့တော်ရ၏။ အရိယငါး၊ ဖြစ်ကြောင်းများ ကို၊ နောက်သားသိမြင်၊ ဗုဒ္ဓဝင်မှ၊ အကျဉ်းပြ၏။ ထိုမှတစ်ဖန်၊ အမှန်သိရ၊ ဒီဃနိကာယ်၊ အကျယ်ကျမ်းပြ၊ သိရပါ၏။ လောကသခင်၊ လူတွင်လူမြတ်၊ သိဒ္ဓတ်မင်းသား၊ ဘုရားအနွယ်၊ ကျဉ်း ကျယ်ထုတ်ပြ၊ လေးဝသောသူ၊ လေးမျိုးလူကို သိယူသောအား၊ မှတ်သားစိမ့်ငှာ၊ ပျို့ကဗျာနှင့်၊ သိသာစိမ့်ကြောင်း၊ ဉာဏ်ဖြင့် လောင်း၍ ထုံးဟောင်းသက်သေ၊ ကျမ်းကိုဖွေမှု၊ တွေ့ပါကလည်း၊ ခဏမကြာ၊ ကဗျာစီကုံး၊ အကျဉ်းရုံး၍၊ နောက်ထုံးစဉ်းလာ၊ မျိုးလေးဖြာတို့၊ သိသာခြားနား၊ မှတ်သားစရာ၊ ကျမ်းလာအံ့လို၊ လင်္ကာဆိုသည်။ မှတ်လိုသူတို့ သိကြောင်းတည်း။

အနာဂတဝင်ကျမ်းပြီး၏။



## ဤအနာဂတဝင်ကျမ်းလာ ရင့်မှာတစ်ကျိပ် ဘုရားလောင်းတို့ကို စုပေါင်း၍ မှတ်သားစရာ ကဗျာလင်္ကာအကျဉ်းချုပ်

ဘုရားဆုပန်၊ ရင့်မာသန်၊ ကေန်မှတ်ကွဲ၊ တစ်ကျိပ်တဲ့။

၁။ ရှေးဦးအစ၊ မေတ္တေယျ၊ မှတ်ကြလေကွဲ၊ အလောင်းတဲ့။

၂။ ရာမမင်းကောင်း၊ ဆုပန်တောင်း၊ တစ်ကြောင်းမှတ်ကွဲ၊ အလောင်းတဲ့။

၃။ ကောသလမင်း၊ ကျော်ရှိန်ပြင်း၊ မယွင်းဘူးကွဲ၊ အလောင်းတဲ့။

၄။ အဘိဘူနတ်၊ ခေါ်တွင်မှတ်၊ သိတတ်စေကွဲ၊ အလောင်းတဲ့။

၅။ ဒီဃသောနိ၊ မည်ရှိကျော်ရှိန်၊ တန်ခိုးထိန်၊ သူရိန်နတ်ကွဲ၊ အလောင်းတဲ့။

၆။ စင္စနီခေါ်၊ ပုဏ္ဏားကျော်၊ သိမြော်မှတ်ကွဲ၊ အလောင်းတဲ့။

၇။ သုတမည်တွင်၊ မောင်လုလင်၊ ရှုမြင်မှတ်ကွဲ၊ အလောင်းတဲ့။

၈။ တောဒေယျမည်၊ ပုဏ္ဏားသည်၊ တည်ကြည်မှတ်ကွဲ၊ အလောင်း တဲ့။

၉။ နာဠာဂိရိ၊ ဆင်ဟတ္ထိ၊ သိတတ်စေကွဲ၊ အလောင်းတဲ့။

၁၀။ ပလလေဆင်၊ အမည်တွင်၊ ထင်မြင်မှတ်ကွဲ၊ ပွင့်မည်တဲ့။

ထိုတစ်ကျိပ်တွင် မေတ္တေရှင်၊ ကြာခင်ဘူးကွဲ၊ ပွင့်မည်တဲ့။ အနှစ်ရှစ်သောင်း၊ ထွက်သက်ပေါင်း၊ ကောင်းကောင်းမှတ် ကွဲ၊ သက်တော်တဲ့။

အနာဂတဝင်၊ ဤကျမ်းတွင် ဆင်ခြင်ရှုကွဲ တွေ့မည်တဲ့။

Create PDF files without this message by purchasing novaPDF printer (http://www.novapdf.com)

## ဒီပဲရင်းဆရာတော်ဘုရား၏

## ဩဝါဒ

မသိလျှင်မေး၊ သံသယကို စင်အောင်ဆေး၍၊ သီလကို အလေးပြု၊ သုတကျမ်းဂန်၊ အသိဉာဏ်၊ ဘယ်လိုပင်သန်သန်၊ ဘယ်လိုပင်တုပ်တုပ်၊ ဘယ်လိုပင်နုပ်နုပ်၊ လိုရင်းအချုပ်မှာ၊ အယုတ်ဆုံးအား၊ သီလဖြူစင်၊ စိတ်ကောင်းဝင်၍၊ မဂ်မျိုးသို့သွင်း၊ အသေရှင်း၊ အပါယ်လည်း ကင်းကြမှ၊ ယခုခေတ်မှာ အကောင်း ဆိုရမည်။

၁။ ဟိုတစ်နေ့တွင်သေ၍၊ လူ့ပြည်သို့ခေတ္တရောက်၊ စိတ်နေမမောက်စေနှင့်၊ စိတ်နေမောက်၊ အရင်းပျောက်လိမ့်မည်။

၂။ ခေတ္တနားသည်၊ ဧည့်သည်ခရီးသွား၊ အိမ်သားအထင် မလွဲစေနှင့်၊ အထင်လွဲ လဲလို့မိမ့်မည်။

၃။ ငါဟူ၍ ငါ့ဟာဟူ၍ အစွဲအလမ်း အတွယ်အခင် အမျှင်မရှုပ်စေနှင့်၊ အမျှင်ရှုပ်မြုပ်လိမ့်မည်။

၄။ အမျှင်အရှုပ်ကိုဖြုတ်၊ ရဟန်းတို့အလုပ်။

၅။ ဖြုတ်ရမည်မှာ၊ ညှီနံ့ပုပ်သည့်၊ နာမ်နှင့်ရုပ်ကို၊ ဟုတ်တုတ်တုတ်၊ ဟန်တန်တန် အကောင်းမထင်၊ လက္ခဏာရေးထင် ၍ ဆင်ခြင်။

၆။ မပြုတ်လျှင်အပျိုး၊ နောင်အကျိုး၊ မျိုးရမည်အမှန်။

၇။ ပါရမီမျိုး၊ အပင်ပျိုး၊ ပိုးမထိုးစေနှင့်။

အဓိပ္ပာယ်အချုပ်ကား မသိသောအရာကို မေးမြန်းရမည်။ အကျင့်သီလကို အလေးပြုရမည်။ ကျမ်းဂန်တတ်သည်ဖြစ်စေ၊



မတတ်သည်ဖြစ်စေ၊ အယုတ်ဆုံးသောအားဖြင့် သီလကိုဖြူစင် အောင် သုတ်သင်၍ စိတ်ကောင်းနှလုံးကောင်းဝင်ပြီး မဂ်မျိုးစေ့သို့ရောက် အောင် အပါယ်တံခါးပိတ်အောင် ကျင့်ကြံအားထုတ်မှ ယခု ဗုဒ္ဓပွါဒ ခေတ်အခါကြီးမှာ လူကောင်း၊ ရဟန်းကောင်းဟု ဆိုရမည်။

ဟိုဘဝ ဟိုတစ်နေ့ကသေ၍ လူ့ပြည်သို့ (ခေတ္တရောက်လာတဲ့ဧည့်သည် အာဂန္တုတွေသာဖြစ်ကြသည်။ စိတ်နေစိတ်ထား မမောက်ကြွားနှင့်။ မောက်ကြွားလျှင် ကုသိုလ်အရင်းကလေး ပျောက်သွားလိမ့်မည်)

သံသရာခရီးသွားရာမှ လူ့ပြည်မှာ ခေတ္တဝင်၍ နားတဲ့ဧည့်သည်များသာဖြစ်ကြသည်။ အမြဲနေသည့်အိမ်သည်တွေ မထင်ကြနှင့်။ အိမ်သည်တွေဟု အထင်လွဲနေလျှင် သံသရာဆင်းရဲထဲမှာ မှောက်ရက်လဲကြလိမ့်မည်။

ငါ့ကိုယ်၊ ငါ့ဟာ၊ ငါ့ဥစ္စာ၊ ငါ့မယား၊ ငါ့သား၊ ငါ့သမီး၊ ငါ့ပစ္စည်း၊ ငါ့ရွှေငွေဟူ၍ အစွဲအလမ်း သက္ကာယဒိဋ္ဌိ အမျှင်မရှုပ်စေနှင့်။ အမျှင်ရှုပ်ပြီး အစွဲအလမ်းအားကြီးလျှင် သံသရာမြစ်ဇလုပ်မှာ မပေါ်ဘဲ နစ်မြုပ်လိမ့်မည်။

ထိုသက္ကာယဒိဋ္ဌိ အစွဲအလမ်းအမျှင်ကိုဖြုတ်ရန် အလုပ်သည်သာလျှင် ရဟန်းတို့၏အလုပ်ဖြစ်ပေသည်။

ထိုအမျှင်ကို ဘယ်လိုဖြုတ်ရမလဲဆိုလျှင် နာမ်နှင့်ရုပ်ကို ဟုတ်တုတ်တုတ် ဟန်တန်တန်မထင်ဘဲ၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဟု လက္ခဏာရေးသုံးပါးသို့တင်၍ ထင်မြင်အောင် ဆင်ခြင်ပွားရ မည်။

ထိုသို့ပွားများလျှင် ယခုဘဝမှာပင် သက္ကာယဒိဋ္ဌိ အမျှင်ပြုတ်၍

Create PDF files without this message by purchasing novaPDF printer (http://www.novapdf.com)

နိဗ္ဗာန်သို့ ထုတ်ချောက်မရောက်သေးကာမူ နိဗ္ဗာန်ရောက် ကြောင်းကောင်းမှုပါရမီမျိုးစေ့ အကျိုးတွေ့မည် အမှန်တည်း။ ထိုပါရမီမျိုးစေ့ စိုက်ပျိုးရာမှာ ပိုးထိုးကာ ပျက်စီး၍ မကုန်စေနှင့်။ အောင်အောင်မြင်မြင်၊ သန်သန်မာမာကြီးဖြစ်အောင် စိုက်ပျိုးရမည် ဟု ဆိုလိုပေသတည်း။

၁။ ရှေးကအကြောင်း ကံကောင်းထောက်မ၍ ခုဘဝရရှိသည့် ဥစ္စာတွင် စားသမျှမစင်၊ ထားသမျှမသေခင်၊ လှူသမျှအပင်၊ အခါကောင်းတွင် လှူဖြစ်ခိုက်၊ စိုက်လည်းစိုက်၊ ထားလည်းထား၊ စားလည်းစား၊ အရိုးအရင်းကို ဖယ်၍စား၊ ကျောက်ခဲကို မဝါးမိစေနှင့်။

၂။ လှူသမျှကိုယ်ပိုင်၊ ကိုယ့်ဟာ၊ ထားသမျှ အများဆိုင် အများဟာ။

၃။ သူသူငါငါ၊ သတ္တဝါ၊ ခေတ္တနားသည့်ခရီးသွားပမာ။

၄။ ဓမ္မတာတရား အနိစ္စနိုင်ငံသား၊ နားရာမှ ထသွားသောအခါ ကိုယ်ပိုင် ကိုယ့်ဟာ ကိုယ့်ဥစ္စာမှ ကိုယ့်နောက်သို့ပါသည်။

၅။ သားမယား အများဆိုင်သည့် ကျန်ဥစ္စာမှာ ကိုယ့်နောက်သို့မပါ၊ အရာရာတွင် အမျှင်ဖြုတ်၊ သွေးမရှုပ်စေနှင့်၊ အမျှင်ရှုပ် မြုပ်တတ်သည်။

၆။ အတွယ်အခင်၊ အမျှင်အရှုပ်ကိုလည်း ဉာဏ်အမြော်အမြင် သန်မှ ဖြုတ်နိုင်သည်။

၇။ ဉာဏ်မျက်စိမွဲ၊ အမြင်နဲကာ၊ အထင်လွဲ၍ လဲတတ်သည်။ သတိထားရမည်။

၈။ မသိလျှင်တွယ်၊ သိလျှင်ပြယ်၊ တွယ်သမျှဘေး၊ ပြယ်မှပင် အေးမည်။



၉။ မသိသမျှ တပတ်ပတ်၊ သိမှပင် အပြီးသတ်မည်။

၁၀။ မသိက အစ၊ သိက အဆုံး၊ ကိစ္စတုံးမည်။

၁၁။ ကမ္ဘာအစ၊ တေဇောက၊ ဆင်းရဲအစ၊ မသိမောဟက။

၁၂။ အသိဉာဏ်မနဲ၊ ဉာဏ်မျက်စိ မမွဲရအောင်၊ ပရမတ္ထစကျူကျမ်းကို စွဲမြဲရမည်။

၁၃။ ယင်းပရမတ္ထ စကျူကျမ်းကို စွဲမြဲက နက်နဲသောသဘာဝကို သိမြင်နိုင်၊ ဘဝါဘဝက မရဘူး ထူးမြတ်လွန်ကဲ အလွန်ရခဲသော ပရမတ်ဉာဏ်မျက်စိအလင်းကို လက်ငင်းရနိုင်သည်။

အဓိပ္ပာယ် အချုပ်ကား – ရှေးကုသိုလ်ကံ ထောက်မသဖြင့် ရရှိ၍လာသော ယခုဘဝ ဓနဥစ္စာကလေးတွင် စားသုံး၍ ပစ်လိုက်ရသမျှ မစင်၊ ကျင်ကြီးဖြစ်၍ သွားရတော့သည်။ သိမ်းဆည်းစုဆောင်း၍ထားသမျှဟာလဲ မသေခင် ခေတ္တကလေးသာ အသုံးကျသည်။ လှူဒါန်းသမျှကလေးသည်သာလျှင် အပင်စိုက်၍ထားသလို မပျောက်မပျက်ရှိတော့သည်။ သာသနာတော်နှင့် ကြုံကြိုက်တဲ့ အခါကောင်းကြီးမှာ လှူဖြစ်ကြရတဲ့အခါမှာ ကုသိုလ်ပင်များကို ကြိုးစား၍ စိုက်ပျိုးကြရမည်။ ထားတန်သမျှကိုလည်း ထား၊ စား တန်သမျှကိုလည်း စားရမည်။ မစင်ကြွယ်သော ပစ္စည်းများမပါရအောင် အရိုးအရင်းကိုလည်း ဖယ်၍စားရမည်။ စားသောက်ရင်း အကုသိုလ်မဖြစ်ပွားရအောင် ကျောက်ခဲကိုလည်း မဝါးမိအောင် သတိဆောင်ရမည်။

လှူသမျှတန်းသမျှသာလျှင် ကိုယ်ပိုင်ကိုယ့်ဥစ္စာဖြစ်သည်။ မလှူတန်းဘဲ သိမ်းဆည်း၍ထားသမျှဥစ္စာသည် မိမိတစ်ဦးတည်းသာ ပိုင်သည်မဟုတ်၊ အများဆိုင်သော ဘုံပစ္စည်းဖြစ်သည်။ ထိုက်ရာလူက

Create PDF files without this message by purchasing novaPDF printer (http://www.novapdf.com)

ယူ၍ ထိုက်ရာမှာ နားလိမ့်မည်။

သူသူငါငါ သတ္တဝါတို့သည် ခေတ္တနားသည့် ခရီးသွား ညည့်သည်တွေသာဖြစ်ကြသဖြင့် ထ၍သွားတဲ့အခါ ကိုယ်ပိုင်ဥစ္စာသာလျှင် ကိုယ့်နောက်သို့ ပါလိမ့်မည်။

သေသွားတဲ့အခါ အလှူသာလျှင် ကိုယ့်နောက်သို့ပါလိမ့်မည်။ သားသမီး၊ သားမယားနှင့်တကွ အများဆိုင်သော ဘုံပစ္စည်းမှာ ကိုယ့်နောက်သို့ ပါလိမ့်မည်မဟုတ်။ မလှူဒါန်းဘဲ ကျန်တဲ့ပစ္စည်းကို သားသမီးတွေ အမွေခွဲ၍ ယူကြလိမ့်မည်။

အရာရာမှာ တွယ်တာခင်မင်တဲ့ သံယောဇဉ်အမျှင်ကို လည်း ကြိုးစား၍ ဖြတ်ကြရမည်။

ထိုအမျှင်ကို ဉာဏ်အမြင်သန်မှ ဖြတ်နိုင်မည်။ ဉာဏ်မျက်စိမွဲက အလွဲလွဲအချော်ချော် ထင်မှားကုန်လိမ့်မည်။

မောဟမိပြီး မသိမမြင်လျှင် တွယ်တာခင်မင်၍ နေလိမ့် မည်။ မောဟစင်၍ သိမြင်ခြင်း၊ အလင်းဉာဏ်ကိုရလျှင် ခင်တွယ်ခြင်းပျောက်ပြယ်လိမ့်မည်။ မသိမမြင်သမျှ ဉာဏ်အလင်းကို မရသမျှ ကာလပတ်လုံး တရစ်ပတ်ပတ် သံသရာမပြတ်နိုင်ချေ။ သိမြင်ထင်လင်း၍ ဉာဏ်အလင်းကိုရသောအခါမှ သံသရာနှခမ်းသတ်လိမ့်မည်။

ကမ္ဘာလောကကြီး၏ အစတေဇောဓာတ်ကဖြစ်သကဲ့သို့ ဆင်းရဲဒုက္ခ၏အစကလည်း မောဟတရားဖြစ်သည်။ ထိုမောဟ တရားကင်း၍ ပရမတ်ဉာဏ်အလင်းကိုရအောင် ပရမတ္ထသဘော တရားတွေကို ခွဲခြားပြဆိုထားသော ပရမတ္ထစကျူကျမ်းကို သတိပြုရမည်။ ထိုကျမ်းကိုလက်စွဲပြုပြီး ကြည့်ရှုလေ့လာပါလျှင် လွန်စွာ



ထူးမြတ်သော ပရမတ်ဉာဏ်အလင်းတို့ လက်ငင်းရနိုင်သည်ဟု ဆိုလိုပေသတည်း။

**ဒီပဲရင်းဆရာတော်ဘုရား၏ ဩဝါဒ**
**ပြီး၏။**

[Create PDF](http://www.novapdf.com) files without this message by purchasing novaPDF printer (http://www.novapdf.com)